ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (1-10-2012) (၇၂၆၀)

မိုးထစ်ချုန်းရွာ

°C ၃၁-၂၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မစ္စတာ ဘန်ကီမွန်းနှင့်တွေ့ဆုံ
မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၃၀

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား နယူးယောက်မြို့ Sutton Place လမ်းရှိ ၎င်း၏နေအိမ်သို့ သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ နေအိမ်သို့ ရောက်ရှိကြရာ နိုင်ငံတော်သမ္မတအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၎င်းနှင့်အတူ ကြိုဆိုကြသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အကြံပေး ပုဂ္ဂိုလ် Mr. Joseph V. Reed၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဘီဂျေနမ်ဘီးယား၊ နိုင်ငံရေးရာ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Jeffery Feltman၊ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Valarie Amos၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အမှုဆောင်အရာရှိချုပ် Ms. Helen Clark၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ဒါရိုက်တာ Dr. Babatunde Ostimehin နှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးဆိုင်ရာ ဒုတိယလက်ထောက် အတွင်းရေးမှူးချုပ် Ms. Judy Cheng Hopkins တို့နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့သည် နံနက်စာကို အတူတကွ သုံးဆောင်ကြပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများ တိုးချဲ့ပေးအပ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ထွက်ခွာရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၃)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တရုတ်နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၃)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆိုက်ပရပ်စ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်စ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဒီမီထရစ် ခရစ္စတိုဖီးယား(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ဂျီးရီးယားဖက်ဒရယ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော နိုင်ဂျီးရီးယားဖက်ဒရယ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် ဒေါက်တာ ဂွတ်လပ်ခ် အီဘာလီ ဂျိုနသန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထောင့်မှန်ပုံသဏ္ဌာန်ရှိ ကမ္ဘာ့အကြီးဆုံးဥယျာဉ်

မီလန် စက်တင်ဘာ ၃၀

အီတလီနိုင်ငံ မီလန်မြို့ရှိ ကုန်တိုက်ကြီးတစ်ခုတွင် ကမ္ဘာ့အကြီးဆုံး ထောင့်မှန်ပုံသဏ္ဌာန် တည်ဆောက်ထားသော ဥယျာဉ်ကြီးတစ်ခုကို တည်ဆောက်ထားကြောင်း၊ ဒေါင်လိုက်တည်ရှိနေသော ယင်းဥယျာဉ်သည် ၁၂၆၃ စတုရန်းမီတာ (စတုရန်းပေ ၁၃၆၀၀) မျက်နှာပြင်အကျယ်အဝန်းရှိကြောင်း **စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**

ထောင့်မှန်ပုံသဏ္ဌာန် တည်ဆောက်ထားသော ဥယျာဉ်ကို တွေ့ရစဉ်။

ယနေ့ သတင်း အညွှန်း

ပင်နီဇွဲလားနိုင်ငံအတွက် တရုတ်နိုင်ငံက တည်ဆောက်ပေးသည့် ဒုတိယမြောက် ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်

နိုင်ငံတကာ စာမျက်နှာ ➢ ၄

မန်ယူနှင့် ဘာစီလိုနာ နိုင်ပွဲဆက်နိုင်ပြီး ချယ်လ်ဆီးနှင့် မန်စီးတီးနိုင်ပွဲရှာရမယ့် ချန်ပီယံလိဂ်ပွဲစဉ်များ

အားကစား စာမျက်နှာ ➢ ၁၀

ဂျိမ်းစ်ဘွန်း၏ ပစ္စည်းအမျိုးပေါင်း ၄၀ လေလံတင်မည်

အနုပညာ
စာမျက်နှာ ၆

ကြေးမုံစာတည်းရှုထောင့် ၁-၁၀-၂၀၁၂(တနင်္လာနေ့)။

သစ္စာအလှ

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကာလ၊ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ကာလတို့အထိတိုင် အမျိုးဘာသာ၊ သာသနာဟူသောဝေါဟာရကို တွင်ကျယ်စွာ အသုံးပြုကြသည်။ ထိုဝေါဟာရ၏ မူရင်းရည်ရွယ်ချက်မှာ မြင့်မားသောကိုယ်ကျင့်သိက္ခာဖြင့် မြန်မာနိုင်ငံတော် ကမ္ဘာတည်သရွေ့ ကိုယ့်မင်းကိုယ့်ချင်းဖြင့် အဓွန့်ရှည်စွာ တည်ပါစေခြင်းငှာ အမျိုးသားဇာတိမာန် ခိုင်ခိုင်မာမာ ရှိကြစေရန် လှုံ့ဆော်ခြင်းဖြစ်သည်။

အဆိုပါလှုံ့ဆော်ချက်ပါ ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့နိုင်ငံသားတိုင်း၌ အမျိုးသားဇာတိမာန် ခိုင်ခိုင်မာမာရှိ မရှိ စောကြောကြည့်ရမည်ဖြစ်ပါသည်။ အမျိုးသားဇာတိမာန်သည် နိုင်ငံသားတိုင်း၌ အနည်းနှင့်အများ ရှိကြမည်ဖြစ်ပါသည်။ ဤမြေမှာနေ၊ ဤရေကိုသောက်ပြီး ကြီးပြင်းလာကြသော နိုင်ငံသူ၊ နိုင်ငံသားများသည် အမိနိုင်ငံကို ချစ်ခင်ကြမည်မှာ ဓမ္မတာဖြစ်သည်။

ထိုသို့ချစ်ကြရာတွင် တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပုံချင်း တူမည်မဟုတ်ချေ။ အချို့က မြန်မာနိုင်ငံကို မိမိ၏ကိုယ်ကျိုးစီးပွားအတွက် ချစ်ကြသူများရှိမည်။ အချို့က မြန်မာနိုင်ငံအကျိုးစီးပွားအတွက် မိမိဘဝကိုပေးဆပ်ကာ ချစ်ကြသူများလည်းရှိမည်။ ထိုသို့ နိုင်ငံကိုချစ်ကြသည့် လူတန်းစားနှစ်လွှာတွင် မည်သူ၏ အချစ်သည် စစ်မှန်သည့် သစ္စာအလှဖြစ်သည်ကို မှန်းဆကြည့်နိုင်ပေသည်။

သို့ရာတွင် မူရင်းရည်ရွယ်ချက်ကို မရောက်ဘဲ နိုင်ငံကို သူကသာပိုချစ်သည်။ ငါကသာ ပိုချစ်သည်ဟု ငြင်းခုံနေကြမည်ဆိုလျှင် အကျိုးမများဖွယ်သာ ရှိမည်။ မိမိအလုပ်ကို မိမိလုပ်လျှင် မှန်ကန်သည့် သစ္စာအလှကို ပြည်သူကသာ အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ငြင်းခုံခြင်းဖြင့် အကျိုးမရောက်ဘဲ မိမိ လုပ်ဆောင်ချက်မှန်ကန်ခြင်းသည်သာ ခရီးရောက်စေမည်ဖြစ်သည်။

ဒေသနာတော်အရ "ဝိဝါဒ ဘယတော" ဟူသည်နှင့်အညီ ငြင်းခုံခြင်းဟူသမျှတို့သည် အန္တရာယ်သို့သာ ဦးတည်စေပေသည်။ "အဝိဝါဒံ ခေမတော" ဟူသည်နှင့်အညီ ငြင်းခုံခြင်းမပြုဘဲ ဆွေးနွေးညှိနှိုင်းမှုဟူသမျှသည် ငြိမ်းချမ်းခြင်း၊ လှပခြင်း၊ တိုးတက်ခြင်း၊ ကောင်းမွန်ခြင်းဆီသို့သာ ဦးတည်စေပါသည်။

အမှန်တွင် အားလုံးသောနိုင်ငံသားများသည် အမျိုးဘာသာ၊ သာသနာ အကျိုးကို သယ်ပိုးထမ်းဆောင်လိုသော ဇာတိမာန်ရှိကြသူများသာဖြစ်ပါသည်။ သို့ရာတွင် အနက်ကောက်ယူရာ၌ တစ်ဦးနှင့်တစ်ဦး အသိအမြင်ချင်းမတူသောကြောင့် ငြင်းခုံခြင်းသို့ရောက်တတ်ကြသည်။ အကယ်၍ ဇာတိမာန်အနက်ကို ကောက်ယူရာ၌ အသိအမြင်ချင်းတူညီကြမည်ဆိုပါလျှင် ငြင်းခုံဖွယ်အကြောင်းအရာ ရှိမည် မဟုတ်ချေ။

ထိုငြင်းခုံခြင်းတို့တွင် မာန်မာနသည် အဓိကနေရာက ယူထားသည်။ ထိုငြင်းခုံခြင်းတွင် မာန်မာနကြောင့် ငြင်းခုံခြင်းလော၊ မှားယွင်းမှုကြောင့် ငြင်းခုံခြင်းလောဟု သုံးသပ်ဆုံးဖြတ်နိုင်ရမည်။ မှားယွင်းမှုရှိလျှင် ပြေလည်ရာ ပြေလည်ကြောင်းဖြစ်ရမည်။ မာန်မာနကြောင့်ဖြစ်လျှင် မပြေလည်ရာ အငြိုးထားဖွယ် အမုန်းတရားဖြစ်မည်။ မာန်မာနသည် အကုသိုလ်သဘောရှိ၍ မကောင်းဟု အကြမ်းဖျင်းဆိုနိုင်သည်။

သို့သော် မာန်မာနတိုင်း မကောင်းဟုမဆိုနိုင်။ အခြားသူတောင် နိုင်ငံအတွက် အနစ်နာခံကာ လုပ်နိုင်သေးလျှင် မိမိလည်း အနစ်နာခံပြီး မလုပ်နိုင်စရာ အကြောင်းမရှိဟူသော မာန်မာနမျိုးသည် နိုင်ငံသားတိုင်း ထားအပ်သည့် မာန်မာနမျိုးဖြစ်သည်။ ထိုမာန်မာနမျိုးသည် အများအကျိုးကို ရှေးရှုသဖြင့် ကုသိုလ်ကိုပွားစေအပ်သောကြောင့် မှီဝဲအပ်သော မာန်မာနမျိုးဖြစ်သည်။ ထိုမာန်မာနမျိုးအတွက်မူ အငြင်းပွားဖွယ်ရာ အကြောင်းမရှိချေ။

သို့သော် 'ငါ မှ ငါ' ဟူသော ခံယူချက်မျိုးဖြင့် ဆိုလျှင်မူ ကုသိုလ်မပွားစေဘဲ အကုသိုလ်ကိုသာပွားစေတတ်သော မာန်မာနမျိုးဖြစ်၍ ဇာတိမာန်အနက်ကို မရောက်ဘဲ အငြင်းပွားဖွယ်သက်သက်သာဖြစ်စေရာ နိုင်ငံအတွက် အကျိုးမရှိသော ထိုမာန်မာနမျိုးကို ရှောင်ရှားကြရမည်ဖြစ်ပေသည်။ ။

ထိုင်းနိုင်ငံသို့ မြန်မာ MOU အလုပ်သမားသစ်များ တရားဝင်စေလွှတ်ခြင်းလုပ်ငန်းစဉ် ပိုမိုချောမွေ့မြန်ဆန်ရေး ပြည်ပအလုပ်ရှင်နှင့် အလုပ်သမား တိုက်ရိုက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပင်လုံခန်းမ၌ စက်တင်ဘာ ၃၀ ရက်တွင် ထိုင်းနိုင်ငံ I.S.A Value Co.,Ltd. ငါးသေတ္တာစက်ရုံမှ တာဝန်ခံများနှင့် Today Top Star အလုပ်သမားသင်တန်းကျောင်းမှ မြန်မာအလုပ်သမားသစ်များအား တွေ့ဆုံပြီး အလုပ်ရှင် အလုပ်သမား သဘောတူညီချက်စာချုပ် ချုပ်ဆိုခဲ့သည်။ **(အောက်ပုံ)**

စာချုပ်ချုပ်ဆိုပွဲသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်က အလုပ်သမားသစ်များအား အမှာစကား ပြောကြားရာတွင် ပြည်ပသို့ အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြရာတွင် လူကုန်ကူးမှုမခံရအောင် တရားဝင်လမ်းကြောင်းမှ သွားရောက်စေလိုကြောင်း၊ ပြည်ပတွင် အလုပ်သမားအဖြစ်နှင့်သာ ကျေနပ်မနေကြဘဲ နည်းပညာ၊ ဗဟုသုတ၊ ဘာသာစကားတို့ကို လေ့လာဆည်းပူးခဲ့ကြစေလိုကြောင်း၊ သို့မှသာ မိမိနိုင်ငံအတွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာချိန်တွင် ကျွမ်းကျင်လုပ်သားများဘဝဖြင့် ရပ်တည်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ အကယ်၍ ပြည်ပတွင် အခက်အခဲများတွေ့ကြုံရပါက မိမိတို့အလုပ်သမားဝန်ကြီးဌာနသို့ အကူအညီများ တောင်းခံနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ပင်လုံခန်းမအတွင်းရောက်ရှိလာသည့် အလုပ်သမားသစ်များအား အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ထိုင်းနိုင်ငံသို့ အလုပ်သမားများ သွားရောက်လုပ်ကိုင်ရာတွင် သိထားသင့်သော သတင်းအချက်အလက်များ၊ စာချုပ်ပါ အကြောင်းအရာများ၊ ထိုင်းနိုင်ငံသို့ အလုပ်သမားများ တရားဝင်စေလွှတ်ခြင်း လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီး ရှင်းလင်းပြောကြားသည်။ ထို့ပြင် TTSအလုပ်သမားသင်တန်းကျောင်း ဘားအံမြို့၌ လုပ်ငန်းခွင်ဆိုင်ရာ အကြိုသင်တန်းပို့ချမှု မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသခဲ့သည်။

ယခုကဲ့သို့ အလုပ်သမားသစ်များ ထိုင်းနိုင်ငံရှိ စက်ရုံများသို့ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် TTS အလုပ်သမားသင်တန်းကျောင်းသို့ အလုပ်သမားတစ်ဦးလျှင် သင်တန်းကြေးနှင့် နေထိုင်စရိတ် ငါးသောင်းကျပ်သာ ပေးသွင်းရပြီး မြဝတီ Check Point သို့သွားရန် စားစရိတ်နှင့် ခရီးစရိတ်တို့ကိုမူ မိမိတို့အစီအစဉ်ဖြင့်သာ ဆောင်ရွက်ကြရကြောင်း၊ စနစ်တကျ သွားရောက်နိုင်ရေးအတွက် လိုအပ်ချက်များကို သင်တန်းကျောင်းမှ ကြီးကြပ်စီစဉ်ပံ့ပိုးပေးကြောင်း သိရသည်။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ထိုင်းနိုင်ငံသို့ မြန်မာ MOU အလုပ်သမားသစ်များ တရားဝင်စေလွှတ်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အချိန်နှင့် လုပ်ငန်းအဆင့်များ လျှော့ချခြင်းဖြင့် လုပ်ငန်းစဉ် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ နယ်စပ်မြို့များရှိ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများတွင် စောင့်ဆိုင်းရက်များ မကြာမြင့်ခြင်း ရလဒ်ကောင်းများက အလုပ်သမားသစ်များအတွက် စားရေး၊ တည်းခိုရေးစရိတ်များ သက်သာစေသည်။ ပြည်ပအလုပ်ရှင်နှင့် မြန်မာအလုပ်သမားများ သဘောတူညီချက် စာချုပ်ကိုလည်း တိုက်ရိုက်ချုပ်ဆိုကြသည်။ ယခုကဲ့သို့ မှန်ကန်၊ မြန်ဆန်ချောမွေ့စွာဆောင်ရွက်လျက် သွားရောက်စေခြင်းဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို အထောက်အကူပြုလျက် ရှိသည်။ (သတင်းစဉ်)

စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

ရေတာရှည် စက်တင်ဘာ ၃၀

နွမ်းပါးချို့တဲ့သည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ရေတာရှည်မြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၇ ရက် နေ့လယ်ပိုင်းက မြို့နယ်စည်ပင်သာယာရေးရုံးခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ရှိသူများက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၄ ဦး၊ အလယ်တန်းအဆင့် ၅၅ ဦး၊ အထက်တန်းအဆင့် ၄၆ ဦးနှင့် တက္ကသိုလ်အဆင့် ၂၀ စုစုပေါင်း ၂၀၅ ဦးတို့အား ဗလာစာအုပ် ၂၀၁၀၊ ခဲတံ ၁၁၁၀ ချောင်း၊ ခဲဖျက် ၁၃၉ ခု၊ ခဲတံချွန်စက် ၈၄ ခု၊ ပေတံ ၈၄ ချောင်း၊ ဘောပင် ၁၈၇ ချောင်းတို့ကို ပေးအပ်ခဲ့သည်။

နွမ်းပါးချို့တဲ့သည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပထမအကြိမ်နှင့် ယခုဒုတိယအကြိမ် ပေးအပ်ခဲ့ရာ ကာလတန်ဖိုး ကျပ် ၁၃ သိန်းဖိုး ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၅၇၈)

တကယ့်ဒီမိုကရေစီဆိုတာ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန်ကြိုးပမ်းခဲ့ကြောင်း သမိုင်းမှတ်တိုင်များရှိခဲ့ပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် တောင်ကြီးမြို့တွင် လွတ်လပ်ရေးမရမီ အချိန်ကာလကပင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဒီမိုကရေစီဦးတည်ချက်သမိုင်းအထောက်အထားများစွာ ယနေ့အထိတည်ရှိနေသည်ကို စာရေးသူတွေ့ခဲ့ရပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ပြည်သူများ၏ကိုယ်စား ဦးဆောင်ပြီးဆောင်ရွက်ပေးကြမည့် အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏အစိုးရ၊ ပြည်သူများက တင်မြှောက်ပေးသော အစိုးရများဖြစ်သည်နှင့်အညီ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ လိုလားချက်၊ ပြည်သူများ၏ တောင့်တမှုများကို အလေးထား ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ ထို့ပြင် ပြည်သူများ၏ လက်ငင်းစီးပွားရေးအဆင့်အတန်းကိုလည်း အခွင့်အရေးတန်းတူ ရနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်လှပါသည်။

ယခုအခါ နိုင်ငံတော်သမ္မတဦးသိန်းစိန်မှ ပြည်သူလူထု၏ အကျိုးကို မျှော်ကိုးပြီး တကယ့်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အလျင်အမြန်ပြောင်းလဲလာရေးအတွက် အပြောင်းအလဲများ ပေးလိုက်သည်မှာ သမ္မတကြီး၏စိတ်ရင်းစေတနာအမှန်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း ထင်ရှားလှပါသည်။ တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ရုပ်ထု၏ အောက်ခြေဘယ်ဘက်တွင် **(ယာပုံ)** ရှိသော သမိုင်းဝင်ဒီမိုကရေစီနှင့်ပတ်သက်မှုကို တင်ပြရမည်ဆိုလျှင် " တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနှင့်မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့လက်ငင်းစီးပွားရေးအဆင့်အတန်းကို အခွင့်အရေး တန်းတူရနိုင်တဲ့အခြေအနေထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်" ဟု ၁၉-၅-၁၉၄၇ ခုနှစ် ရန်ကုန်မြို့ဂျူဘလီဟောတွင် ပြည်သူကိုယ်စားလှယ် များပါဝင်သော ပဏာမပြင်ဆင်မှုညီလာခံ၌ ဗိုလ်ချုပ်မှ ပြောကြားသော မိန့်ခွန်းဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်မှာ ယနေ့အထိရှိနေသည်ကို တွေ့ခဲ့ရပါသည်။

ဦးရှိန်(ဘဏ်ဥပဒေအကြံပေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၁-၁၀-၂၀၁၂ (တနင်္လာနေ့)		
၇း၀၃	တရားတော်	
၈း၀၈	ဇာတ်လမ်းတို	
၄း၁၅	စိုက်ပျိုးသုတ	
၅း၂၂	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၃၉)**	
၆း၁၅	သံစဉ်လမ်းကလင်းလက်ကြယ်	
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ပိုးစုန်းကြူးပမာ"(အပိုင်း-၁၄)**	
	-ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင်	
	-မေးမြန်းစူးစမ်း	
	-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်	
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "စောင့်လေမျိုးနွယ်"(အပိုင်း-၁၃)	
	-Mini Series	

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀ - ၉ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၆၁. ၀၀၀	၀. ၀၀၁၁၇
ထိုင်း (ဘတ်)	၃၀. ၈၃၀၀	၀. ၀၃၂၄၄
တရုတ် (ယွမ်)	၆. ၂၈၅၇၀	၀. ၁၅၉၀၉
အိန္ဒိယ(ရူပီး)	၅၂. ၈၅၅၀	၀. ၀၁၈၉၂
မလေးရှား (ရင်းဂစ်)	၃. ၀၅၈၆၀	၀. ၃၂၆၉၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၇၃၅	၀. ၈၁၄၇၆
ဂျပန် (ယန်း)	၇၇. ၉၈၅၀	၀. ၀၁၂၈၂
တောင်ကိုရီးယား(ဝမ်)	၁၁၁၁. ၃၀	၀. ၀၀၀၉၀
ယူရို	၀. ၇၇၇၈၅	၁. ၂၈၅၅၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၈၆၈	၁. ၆၁၆၃၅

အင်တာနက်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၁၀-၂၀၁၂ (တနင်္လာနေ့)

- ၅း၄၀ "ဆရာဒကာသာသနာ" တရားတော် [အရှင်စန္ဒသာရ (ကျောင်းကုန်းဆရာတော်)]
- ၁၂း၁၅ Happy Time Happy Lessons
- ၅း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်နှာပြင်ပေါ်က အရေးအကြောင်းများ)
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သမုဒ္ဒရာခြားသော်လည်း" (အပိုင်း-၃)**
- ၇း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တစ်စင်းတည်းသောလမင်း" (အပိုင်း-၁၄)**
- ၁၀း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုရောင်လက်ထပ်ခွင့်" (အပိုင်း-၄)**
- ၁၀း၅၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	QPR - West Ham	ESPN

Spain Laliga ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၀၀	Getafe - Mallorca	Star Sports

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ရွှေတိဂုံစေတီတော်သမိုင်းပြတိုက်တည်ဆောက်ရေး ထိုင်းပညာရှင်များအား ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၃၀

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရွှေတိဂုံစေတီတော်သမိုင်းပြတိုက် တည်ဆောက်ရေးအတွက် ထိုင်းနိုင်ငံမှ ပညာရှင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

မြန်မာ-အင်ဒိုနီးရှား ယဉ်ကျေးမှုပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

(၆၇)ကြိမ်မြောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာ-အင်ဒိုနီးရှားယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲကို စက်တင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အင်ဒိုနီးရှား သံအမတ်ကြီးက အဖွင့်အမှာစကားပြောကြားကာ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူကျေးရွာ ဆေးရုံတို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက (၆၇)ကြိမ်မြောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အလှူငွေပေးအပ်လှူဒါန်းခြင်းတို့အတွက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် အင်ဒိုနီရှားသမ္မတနိုင်ငံ ယဉ်ကျေးမှုအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)တို့မှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အဆို အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။(သတင်းစဉ်)

(၆၇)ကြိမ်မြောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-အင်ဒိုနီးရှား ယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲတွင် အမှတ်တရပစ္စည်းများ လဲလှယ်ကြစဉ်။ (သတင်းစဉ်)

ကျန်းမာရေးအလှူတော်မင်္ဂလာ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေး အလှူတော်မင်္ဂလာ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ညောင်ရွှေမြို့ မြို့မ(ရန်ကုန်) ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်းနှင့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း ပဓာနနာယက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်တော်မူပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေး အလှူတော် မင်္ဂလာ ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

☆ **ရွှေ့ဖုံးမှ**

ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အလျားလိုက် တည်ဆောက်ခြင်း မဟုတ်ဘဲ ဒေါင်လိုက်တည်ဆောက်ထားသော အဆိုပါဥယျာဉ်၌ အပင်ငယ်ပေါင်း ၄၄၀၀၀ စိုက်ပျိုးထားသည်။

ရိုဇာနိုဒေသရှိ ကုန်တိုက်ကြီးတွင် တည်ရှိသော ထောင့်မှန်ပုံသဏ္ဌာန် ဥယျာဉ်အတွက် ဒီဇိုင်းပုံစံကို ဗိသုကာပညာရှင် ဖရန်ဆက်စကို ဘော်လာနီက ရေးဆွဲပေးခဲ့သည်။

အဆိုပါဥယျာဉ်ကြီးကို ၂၀၁၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သော်လည်း ကမ္ဘာ့အကြီးဆုံးသော ဒေါင်လိုက်ဥယျာဉ်အဖြစ် လွန်ခဲ့သည့် ရက်သတ္တပတ်ကမှ အသိအမှတ်ပြုလက်မှတ်ရရှိခဲ့သည်။

ထောင့်မှန်ပုံသဏ္ဌာန်ဥယျာဉ်၏ ဖန်လုံအိမ်အတွင်း အပင်ငယ်များ စိုက်ပျိုးနိုင်ရန် တစ်နှစ်တာမျှ အချိန်ယူခဲ့ရကြောင်း၊ အဆောက်အအုံ၏ မျက်နှာစာကိုရက်ပေါင်း ၉၀ ကြာ တည်ဆောက်ခဲ့ရကြောင်း ဘော်လာနီက ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး ထောင့်မှန်ပုံသဏ္ဌာန် ဥယျာဉ်အဖြစ် စပိန်နိုင်ငံ မဒရစ်မြို့ရှိ ဥယျာဉ်တစ်ခုက စံချိန်တင်ခဲ့သည်။ ယင်းဥယျာဉ်သည် ၈၄၄ စတုရန်းမီတာ ကျယ်ဝန်းသည်။

ရိုဇာနိုဒေသရှိ ကမ္ဘာ့အကြီးဆုံး ဒေါင်လိုက်ဥယျာဉ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပေးနိုင်ပြီး စွမ်းအင်ကို ချွေတာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူပြုသည်ဟု ဆိုသည်။ ***အင်တာနက်။***

ဘာသာပြန်(စံစံ)

ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား စက်တင်ဘာ ၃၀

မြစ်ကြီးနားမြို့နယ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းတစ်ရပ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ပုံကျချေးငွေ၏ အတိုးရစုဆောင်းငွေဖြင့် ပုံကျချေးသည်များ၏ သားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားဈေးခေါင်းရုံး၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူများက ပုံကျချေးသည်တစ်ဦးချင်းအလိုက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မိုယ်းကျ(မြစ်ကြီးနား)

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ ဆရာ ဆရာမများ လာရောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၃၀

အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂)မှ သင်တန်းသား သင်တန်းသူများသည် စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြင်ဦးလွင် ဆေးရုံဝင်းအတွင်း ချုံနွယ်များရှင်းလင်း

ပြင်ဦးလွင် စက်တင်ဘာ ၃၀

စက်တင်ဘာ ၂၉ ရက်တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅)ရှိ ပြင်ဦးလွင်ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၁၀၀ ဖြင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းတို့ကို ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။ (၆၁၃)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်စုပြည်နယ် အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဗင်နီဇွဲလား၏ ဒုတိယမြောက်ဂြိုဟ်တုကို လွှတ်တင်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားနိုင်ငံအတွက် တရုတ်နိုင်ငံက တည်ဆောက်ပေးသည့် ဒုတိယမြောက်ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်

ကာရာကတ်စ် စက်တင်ဘာ ၃၀

ဗင်နီဇွဲလားနိုင်ငံအတွက် တရုတ်နိုင်ငံက တည်ဆောက်ပေးခဲ့သော ဒုတိယမြောက်ဂြိုဟ်တုတစ်လုံးကို စက်တင်ဘာ ၂၈ရက်တွင် အာကာသအတွင်းသို့ လွှတ်တင်ပေးခဲ့ကြောင်း စက်တင်ဘာ ၂၉ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းဂြိုဟ်တုကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်စုပြည်နယ်ရှိ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ ဒုံးကျည်တစ်စင်းဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုလွှတ်တင်မှုကို ကာရာကတ်စ်မြို့၌ စက်တင်ဘာ ၂၈ရက် ညပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံပိုင် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်က ၎င်း၏လက်ထောက်များနှင့်အတူ စောင့်ကြည့်ကာ ဩဘာလက်ခုပ်များပေးခဲ့ပြီး ၎င်းဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ယင်းဂြိုဟ်တုလွှတ်တင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၄၀ကုန်ကျခဲ့ပြီး ယင်းဂြိုဟ်တုသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် သီးနှံစိုက်ခင်းမြေပုံများ ရေးဆွဲရန် ရုပ်ပုံများထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး ရေလွှမ်းမိုးမှု ဖြစ်စဉ်များကိုလည်း စောင့်ကြည့်မှတ်တမ်းတင်ပေးနိုင်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အောက်တိုဘာ ၇ရက်တွင်ကျင်းပမည့် ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ မစတင်မီ တစ်ပတ်ကျော်အလိုတွင် အဆိုပါဂြိုဟ်တုကို လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိသမ္မတ ဟူဂိုချာဗက်ဇ်အနေဖြင့် နောက်ထပ်သက်တမ်း ခြောက်နှစ် ဆက်လက်ထမ်းဆောင်ရမည့် သမ္မတရာထူးဆက်ခံနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိနေသည်။

ယခုလွှတ်တင်ခဲ့သောဂြိုဟ်တုကို ဗင်နီဇွဲလား လွတ်လပ်ရေးသူရဲကောင်း ဖရန်စစ္စကိုဒီမီရန်ဒါ၏အမည်ဖြင့် ဂုဏ်ပြုမှည့်ခေါ်ထားသည်။ ၂၀၀၈ခုနှစ်တွင် တရုတ်နိုင်ငံမှ လွှတ်တင်ပေးခဲ့သော ဗင်နီဇွဲလား၏ ပထမဆုံးဂြိုဟ်တုကို ဗင်နီဇွဲလားလွတ်လပ်ရေးခေါင်းဆောင် ဆီမွန်ဘိုလီဗား၏အမည်တပ်ပေးခဲ့သည်။ **အင်တာနက်။**



စပိန်နိုင်ငံအရှေ့တောင်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား လူ ၁၀ဦး သေဆုံး

မဒရစ် စက်တင်ဘာ ၃၀

စပိန်နိုင်ငံအရှေ့တောင်ပိုင်းတွင် လွန်ခဲ့သော ၄၈ နာရီကျော်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလျှံမှုများဖြစ်ပေါ်သဖြင့် သေဆုံးသူ ၁၀ ဦးရှိကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းတွင်ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် အရှေ့ကမ်းခြေရှိ အမြန်လမ်းမကြီးမှ တံတားတစ်စင်းပြိုကျရာ မာဆီယာလူနေရပ်ကွက်နေ ကိုးနှစ်အရွယ်မိန်းကလေးတစ်ဦးအပါအဝင် လူငါးဦးသေဆုံးသွားသည်။

စက်တင်ဘာ ၂၉ ရက်က လော်ကာမြို့အနီးတွင် ရေစီးနှင့်မျောပါခံရမှုကြောင့် တစ်ဦးသေဆုံးသည်။

အယ်လ်မီရာပြည်နယ်ရှိစည်ပင်သာယာနယ်နိမိတ်ဖြစ်သော ဂူယာဇာမာရာဒီကျူဘတ်စ်ဒဲလ်အယ်မန်ဇိုရာဒေသတွင်ရေလွှမ်းမိုးမှုကြောင့် နစ်မြုပ်သွားသော ကားတစ်စီးအတွင်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးပိတ်မိကာ သေဆုံးသည်။

ယင်းပြည်နယ်၌ပင်နောက်ထပ်သေဆုံးသူနှစ်ဦးရှိကြောင်း တစ်ဦးမှာ အသက် ၆၀ အရွယ်ရှိ အမျိုးသားဖြစ်ပြီး နှလုံးရောဂါကြောင့်နှလုံးဖောက်ပြန်မှုဖြစ်ပွားကြောင်း၊ ၎င်းအားရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်နေစဉ် အသက်ဆုံးရှုံးသွားကြောင်း ရေလွှမ်းမိုးမှုကြောင့် နေအိမ်များပါပျက်စီးဆုံးရှုံးရကြောင်း သတင်းတွင်ဖော်ပြသည်။

၎င်းပြင် စပိန်နိုင်ငံမြို့တစ်မြို့၌ ကျင်းပနေသော ပျော်ပွဲရွှင်ပွဲတစ်ခုအတွင်းသို့ လေဆင်နှာမောင်းဝင်ရောက်တိုက်ခိုက်ရာ ချားရဟတ်တစ်ခုပြုတ်ကျပျက်စီးသွားပြီး ၃၅ ဦးဒဏ်ရာရရှိကြောင်း အာဏာပိုင်များက စနေနေ့တွင် ပြောသည်။

သောကြာနေ့၌ မွှေနှောက်သွားသော လေဆင်နှာမောင်းသည် ဂန်ဒီယာ၏ ဗဟိုရင်ပြင်၌ ယာယီသွယ်ပေးထားသော လျှပ်စစ်ဓာတ်အားလုံးကို ဖြတ်တောက်ခဲ့ပြီး အခြားသော ချားရဟတ်များကိုလည်း ပျက်စီးခဲ့သည်ဟုဆိုသည်။

မိုးကြိုးမုန်တိုင်းများ ကျရောက်ခြင်းကြောင့်လည်းကောင်း၊ ပွဲခင်းအလုပ်သမားများအားလုံး ဒဏ်ရာရရှိသွားခြင်းကြောင့်လည်းကောင်း ပျော်ပွဲရွှင်ပွဲများကို ပိတ်ထားခဲ့သည်ဟု ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ **ဆင်ဟွာ။**

ကင်ညာတပ်ဖွဲ့များ ကစ္စမာယိုမြို့သို့ ရေလမ်းမှ ဝင်ရောက်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အယ်လ်ရှာဘတ်သူပုန်များ ဆိုမာလီ ဆိပ်ကမ်းမြို့မှ ဆုတ်ခွာကြပြီ

မိုဂါဒစ်ရှူး စက်တင်ဘာ ၃၀

ဆိုမာလီနိုင်ငံတောင်ပိုင်း မဟာဗျူဟာမြောက်ဆိပ်ကမ်းမြို့မှ ၎င်းတို့ဆုတ်ခွာသွားကြပြီဖြစ်ကြောင်း အယ်လ်ရှာဘတ်သူပုန်အုပ်စုက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

စစ်သွေးကြွများ၏ ရန်ပုံငွေရရှိရာ အဓိကအရင်းအမြစ်ဖြစ်သည့် ပင်လယ်ကမ်းခြေဆိပ်ကမ်းနှင့် မြို့တွင်းသို့ ကင်ညာတပ်ဖွဲ့များ ချီတက်တိုက်ခိုက်ပြီး နောက်နေ့တွင် ယင်းသို့ဆုတ်ခွာခြင်းဖြစ်သည်။

ကစ္စမာယို မြို့သူ မြို့သားများသည် စစ်သွေးကြွများ စွန့်ခွာသွားကြသည့် ရဲတပ်ဖွဲ့နှင့် အစိုးရဌာနချုပ်များကို ကြည့်ရှုကြရာ ယင်းဌာနများမှ ပစ္စည်းဥစ္စာများအား စိတ်ကြိုက်ခိုးယူနေကြသည်ကို တွေ့မြင်ကြရသည်ဟုဆိုသည်။

မျှော်လင့်ချက်

ယမန်နေ့ညက သူပုန်များ ထွက်ခွာသွားကြကြောင်း၊ ယခုအခါမြို့သည် မည်သူ၏ ထိန်းချုပ်မှုအောက်မျှ မရှိကြောင်း မြို့သူမြို့သားများမှာ ယခုမှ စိတ်သက်သာရာရကြကြောင်းနောက်ထပ်တိုက်ပွဲများဖြစ်ပေါ်မလာစေရန်မျှော်လင့်ကြောင်း၊ ကစ္စမာယိုမြို့သား မိုဟာမက်ဟာဆန်ကပြောသည်။

ဆိုမာလီနှင့် ကင်ညာတပ်ဖွဲ့များက မြို့တွင်းသို့ အနောက်ဘက်မှဝင်ရောက်ကြပြီး အခြားကင်ညာတပ်ဖွဲ့က ပင်လယ်ကမ်းခြေသို့ ရေလမ်းမှဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

မြို့တွင်းအနှံ့အပြား၌ လုယက်မှုများဖြစ်ပေါ်နေကြောင်း၊ အုပ်ချုပ်ရေးလစ်ဟာနေခြင်းကို လူရမ်းကားများက အခွင့်ကောင်းယူနေကြကြောင်း၊ ပိုင်ရှင်မဲ့နေသော နေအိမ်များကို မွှေနှောက်ရှာဖွေ၍ ခိုးယူနေကြကြောင်း၊ လမ်းမများပေါ်တွင် ပိုင်ဆိုင်ပစ္စည်းများ သယ်ဆောင်၍ သွားနေကြသူများဖြင့် ပြည့်နေကြောင်း မာယန်ဟူစိန်ဆိုသူ မြို့သားတစ်ဦးက ပြောသည်။

ထိုညတိုက်ပွဲတွင် အယ်လ်ရှာဘတ်စစ်သွေးကြွငါးဦး သေဆုံးကြောင်း ကင်ညာစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဆိုင်ရပ်စ်အိုဂူနာကပြောသည်။ ထို့အတူ တပ်မှူးနှစ်ဦးကျဆုံးခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင် ဘတ်စ်ကားတိမ်းမှောက် ခုနစ်ဦးသေဆုံး၊ ၅၀ဒဏ်ရာရရှိ

ကိုယ်လ်ကတ္တား စက်တင်ဘာ ၃၀

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အနောက်ဘင်ဂေါလ်ပြည်နယ်တွင် စက်တင်ဘာ ၃၀ရက် နံနက်ပိုင်းက ကမ္ဘာလှည့်ခရီးသွားများ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်သွားကြောင်း၊ ဖြစ်စဉ်ကြောင့် ခုနစ်ဦးသေဆုံးပြီး ၅၀ခန့် ဒဏ်ရာပြင်းထန်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အနောက်ဘင်ဂေါလ်ပြည်နယ်မြို့တော် ဂူရက်ပ်မှ ကီလိုမီတာ ၈၀ကွာဝေးသော ဟူဂလီခရိုင်တွင် အဆိုပါယာဉ်မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဒဏ်ရာပြင်းထန်စွာရရှိသွားသူလူ၅၀အားဘာဒ်ဝမ်ဆေးရုံတွင် တင်၍ ဆေးကုသပေးလျက်ရှိကြောင်း၊ နောက်ထပ်သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်းလည်းပြောကြားသည်။

အဆိုပါခရီးသည်တင်ကား၏ ယာဉ်မောင်းမှာ ကားမောင်းနေစဉ် အိပ်ပျော်သွားကြောင်း အသက်ရှင် ကျန်ရစ်သူ ခရီးသည်များ၏ပြောကြားချက်အရ ဒေသခံရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ယင်းပြည်နယ်ရှိ လမ်းများသည် ပျက်စီးနေသဖြင့် ယင်းနေရာ၌ မကြာခဏ မတော်တဆဖြစ်ရပ်များနှင့် ကြုံတွေ့ရလေ့ရှိသည်။ **ဆင်ဟွာ။**



လေဆင်နှာမောင်းဒဏ်ကြောင့် ပြိုကျသွားသော ချားရဟတ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယားတွင် သူပုန်တပ်ဖွဲ့များ အကျအဆုံးများဟုဆို

ဒမတ်စကတ် စက်တင်ဘာ ၃၀

ဆီးရီးယားနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အလက်ပိုတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိရာ သူပုန်များမှာ ဆုံးရှုံးမှုကြီးမားကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

တစ်မြို့လုံးကိုထိန်းချုပ်နိုင်ရေးအတွက် သောကြာနေ့တွင် နောက်ဆုံးပိတ်ထိုးစစ်ကြီးကို ဆင်နွှဲကြောင်း သူပုန် တပ်မှူးများက ကြေညာခဲ့ကြသည်။ ဆီးရီးယားနိုင်ငံတစ်ဝန်းလုံး၌ သေဆုံးသူပေါင်း ၁၅၀ဦးရှိ၍ အလက်ပိုမြို့မှ ၄၀ဦးပါဝင်သည်။

သူပုန်တပ်ဖွဲ့များ၌ လက်နက်အင်အားနှင့် လူအင်အား နည်းပါးကြောင်းပြသသည့် လက္ခဏာများဖြစ်သည်။

သမ္မတ ဘာရှာအယ်လ်အာဆတ်ကို ဆန့်ကျင်သော လူပ်ရှားမှုများပေါ်ပေါက်ပြီးကတည်းက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေမှာ ၂၇၀၀၀ ကျော်သွားပြီဖြစ်ကြောင်း လှုပ်ရှားသူများက ပြောသည်။

အင်တာနက်။

ဒဏ်ရာရရှိသော ဆီးရီးယားသူပုန်တစ်ဦးကို ကယ်ဆယ်လာကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများဖြစ်ပွား ၁၄ ဦးထက်မနည်းသေဆုံး၊ ၂၆ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၃၀

အီရတ်နိုင်ငံတွင် စက်တင်ဘာ ၃၀ ရက်က ဗုံးဖောက်ခွဲခြင်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားရာ ၁၄ ဦးထက်မနည်းသေဆုံး၍ ၂၆ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်မှ ကီလိုမီတာ ၂၀ ကွာဝေးသော တာဂျီဒေသတွင် သီးခြားနေရာများ၌ ကားဗုံးလေးလုံးပေါက်ကွဲရာ လူခြောက်ဦးသေဆုံး၍ ရှစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့ပေါ်တွင် သေနတ်သမားများက ပြည်ထဲရေးဝန်ကြီးဌာနမှ အလုပ်သမားအား ပစ်ခတ်သတ်ဖြတ်ကြောင်း အီရတ်နိုင်ငံတောင်ပိုင်းရှိ အမီလ်ခရိုင်တွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ လူလေးဦး ဒဏ်ရာရရှိကြောင်းပြောကြားသည်။

ဘဂ္ဂဒက်မြို့၌ပင် အီရတ်နိုင်ငံအနောက်ပိုင်းရှိ မန်းဆာခရိုင်ရဲအရာရှိတစ်ဦး ကားမောင်းနှင်လာစဉ် သေနတ်သမားများက အသံတိတ်ကိရိယာတပ်ထားသော သေနတ်နှင့် ပစ်ခတ်ရာဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက်မှ ကီလိုမီတာ ၁၆၀ ကွာဝေးသော ကတ်မြို့ရှိ ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်တစ်ခုတွင် အသေခံကားဗုံးဖောက်ခွဲရာ ရဲအရာရှိ နှစ်ဦး၊ ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိသည်။

အီရတ်အရှေ့ပိုင်း ဒီယာလာပြည်နယ် တွင် ဈေးတစ်ဈေး၌ ကားဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍ ငါးဦးဒဏ်ရာရရှိသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်မှ ကီလိုမီတာ ၃၀ ကွာဝေးသော တာမီရတ်ဒေသရှိ ရဲတပ်ဖွဲ့လှည့်ကင်းကို လမ်းဘေးဗုံး နှစ်လုံးဖြင့် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် ဖြတ်သွားသူတစ်ဦးဒဏ်ရာရရှိသည်။ **ဆင်ဟွာ။**

အာရှမှ စစ်မီးထတောက်နိုင်သည့် အန္တရာယ်ဒေသများ

ရဲတင့်

ယမန်နေ့မှအဆက်

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ(ဒီပီအာရ်ကေ) မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ ကင်ဂျောင်အီလ်သည် နိုင်ငံရေးခေါင်းဆောင်လည်းဖြစ်သည်။ မြောက်ကိုရီးယားလူထုကိုးကွယ်သော ခေါင်းဆောင်လည်းဖြစ်သည်။ တရားဝင်ခံယူထားသည့် နိုင်ငံအကြီးအကဲအမည်မှာ “ဥက္ကဋ္ဌကြီး” ဖြစ်၏။ သူ၏ ဖခင်ဖြစ်သူ ကင်အီလ်ဆွန်းသည် ၁၉၄၅ နောက်ပိုင်းတွင် ကွန်မြူနစ်ဝါဒ၊ ကွန်ဖြူးရှပ်သဘောတရားနှင့် ကိုရီးယားအတွေးအခေါ် အယူအဆ ‘ဂျူချေ’ ကိုယ့်အားကိုယ်ကိုးဝါဒတို့ကို ရောမွှေထားသည့် ဒဿနထူထောင်ပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။

မြောက်ကိုရီးယားသည် ကမ္ဘာပေါ်တွင် အထီးကျန်အဖြစ်ဆုံးနိုင်ငံအဖြစ် လူသိများခဲ့သည့်အလျောက် ၎င်းနှင့်ပတ်သက်၍ သတင်းအချက်များကို ရခဲသည်။ ကင်အီလ်ဆွန်းသည် အသက်(၆၀) သို့မဟုတ် (၆၁)နှစ်တွင် သားအကြီးဆုံးဖြစ်သူ ကင်ဂျောင်အီလ်အား သူ့ကို ဆက်ခံမည့်သူအဖြစ် လျာထားခဲ့သည်။ ကင်ဂျောင်အီလ်အား ရွေးချယ်ထားခြင်းကို ၁၉၈၀ ပြည့်နှစ်ကျမှ (သူ့အသက် ၆၉ နှစ်ကျမှ) တိုင်းပြည်ကို တရားဝင် အသိပေးကြေညာခဲ့သည်။ ကင်ဂျောင်အီလ်ကို ၎င်း၏တရားဝင် အတ္ထုပ္ပတ္တိအရ ၁၉၄၂ ဖေဖော်ဝါရီ ၁၆ တွင် မွေးဖွားခဲ့သည်ဟု သိရသည်။ ရုရှားမှတ်တမ်းအရမူ သူ့ကို ၁၉၄၁တွင် ခါဘာရော့ဗ်စ်မြို့အနီးရှိ ဆိုဗီယက်စစ်စခန်းတစ်ခုအတွင်း မွေးဖွားခဲ့သည်ဆို၏။ ဤသို့ဖြစ်လျှင် ကင်ဂျောင်အီလ်သည် ၂၀၀၈ တွင် အသက် (၆၆) သို့မဟုတ် (၆၇)နှစ် ရှိနေပြီဖြစ်၏။ သူ့အဖေသည် အသက် (၈၂)နှစ်အထိ နေသွားခဲ့သည်။

အချို့က ကင်ဂျောင်အီလ်သည် တိုင်းပြည်စီးပွားရေး ကျပ်တည်းလွန်းသဖြင့် ပြုတ်ကျတော့မည်။ အနည်းဆုံး ဆယ်စုနှစ် တစ်ခုသာခံမည်ဟု ဟောကိန်းထုတ်သူများရှိသည်။ အမေရိကန်သမ္မတ ကလင်တန်လက်ထက် ၁၉၉၄ ကလည်း အိမ်ဖြူတော်က ကင်ဂျောင်အီလ်၏ အစိုးရသည် နောက်ဆယ်နှစ်အတွင်း ပြုတ်ကျတော့မည်ဟု ဟောကိန်းထုတ်ခဲ့ဖူးသည်။ ၁၉၉၄ မှာ ကင်အီလ်ဆွန်း ကွယ်လွန်သောနှစ်ဖြစ်သည်။ ကလင်တန်အစိုးရအဖွဲ့က နောက်ဆယ်နှစ်ကြာလျှင် ကင်ဂျောင်အီလ် ဖြုတ်ချတော့မည်ဟူသော မှန်းချက်ဖြင့် ထိုစဉ်က မြောက်ကိုရီးယားနှင့် နျူကလီးယားအပေးအယူလုပ်ပြီး သဘောတူညီချက်တစ်ရပ် လက်မှတ်ထိုးခဲ့သည်။

ယင်းသဘောတူညီချက်အရ မြောက်ကိုရီးယားက နျူကလီးယားထုတ်လုပ်သည့် အစီအစဉ်ကို ရပ်စဲရမည်။ အမေရိကန်ဘက်က အထောက်အပံ့ပေးရမည်။ လောင်စာရေနံ ကူညီရမည်။ နောက်ဆုံးတွင် စစ်ဘက်ဆိုင်ရာ လုပ်ငန်းများ၌ အသုံးမပြုနိုင်သော နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု ပေးရမည်။ သို့သော် ထိုသဘောတူညီချက်မှာ ရုပ်လုံးပေါ်မလာပေ။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အပြစ်ဖို့ကြသည်။နောက်ပိုင်းတွင် မြောက်ကိုရီးယားသည် တာဝေးပစ်ဒုံးပျံများကို ထုတ်လုပ်ပြီး စမ်းသပ်ပစ်ခတ်သည်။ ၂၀၀၀ ပြည့်နှစ်အစပိုင်းတွင် နျူကလီးယားလက်နက်အစီအစဉ်ကို ပြန်လည်စတင်သည်။ ၂၀၀၀ အောက်တိုဘာတွင် နျူကလီးယားလက်နက်တစ်ခုကို စမ်းသပ်ခဲ့သည်။ ပြည်တွင်းတွင် စားနပ်ရိက္ခာပြတ်လပ်ပြီး လူပေါင်းသန်းနှင့်ချီ၍ သေဆုံးခဲ့သည်။ (တိုင်းပြည် လူဦးရေမှာ ၂၃ သန်းနီးပါးရှိသည်။) ၂၀၀၀ ပြည့်နှစ်တွင် ထိုစဉ်က တောင်ကိုရီးယားသမ္မတ ကင်ဒေးဂျုံအား ကင်ဂျောင်အီလ်က မြောက်ကိုရီးယားသို့ ဖိတ်ခေါ်၍ ထိပ်သီးအစည်းအဝေးကျင်းပသည်။ ယင်းဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သော်လည်း ကင်ဂျောင်အီလ်အစိုးရအဖွဲ့မှာ ပြုတ်ကျသွားခြင်းမရှိပေ။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကွယ်လွန်သွားသော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျောင်အီလ်ကို ပြည်သူများက ဂါရဝပြုစဉ်။

တောင်ကိုရီးယားမှ အကဲခတ်သမားများက မြောက်ကိုရီးယားအစိုးရမှာ ၁၉၉၄ ကထက်ပင် ပိုမိုခိုင်မာအားကောင်းလာသည်ဟု သုံးသပ်ကြသည်။

၂၀၀၇ ဖေဖော်ဝါရီတွင် ထူးခြားသော အခြေအနေ တစ်ရပ် ပေါ်ပေါက်ခဲ့သည်။ မြောက်ကိုရီးယားက ယောင်ဗျွန်း နျူကလီးယားစက်ရုံကိုပိတ်ပြီး နျူကလီးယားအစီအစဉ်များ ရပ်စဲရန် သဘောတူညီလိုက်ခြင်းဖြစ်သည်။ ယင်းစက်ရုံမှာ နျူကလီးယားလက်နက်အဆင့် ပလူတိုနီယမ်ထုတ်လုပ်လျက်ရှိသည့် အဓိကနေရာဖြစ်သည်။ ထို့ပြင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)အား ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ထိုစက်ရုံကို ဝင်ရောက်စစ်ဆေးခွင့်လည်းပြုခဲ့သည်။ မြောက်ကိုရီးယားနှင့် အခြားငါး နိုင်ငံပါဝင်သည့် (အမေရိကန်၊ တောင်ကိုရီးယား၊ တရုတ်၊ ရုရှား၊ ဂျပန်) ‘ခြောက်နိုင်ငံဆွေးနွေးပွဲ’ လုပ်ငန်းများ စတင်ခဲ့သည်။ မြောက်ကိုရီးယားက နျူကလီးယားလက်နက်အစီအစဉ်ဖျက်သိမ်းရေးကိစ္စများကို ငါးနိုင်ငံနှင့် ဆွေးနွေးသည်။ မြောက်ကိုရီးယားက အမေရိကန်နှင့် နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးထူထောင်နိုင်မည့် နည်းလမ်းရှာဖွေရေးကိစ္စကို သီးခြားစတင်ဆွေးနွေးခဲ့သည်။ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့မှာ ၁၉၅၃ တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုဖြင့် ကိုရီးယားစစ်ပွဲပြီးဆုံးခဲ့ပြီးကတည်းက ‘စစ်ဖြစ်နေဆဲ’ အနေအထားတွင် တည်ရှိနေဆဲဖြစ်သည်။ နှစ်နိုင်ငံလုံးတွင် သံတမန်အဆက်အသွယ်မရှိချေ။ မြောက်ကိုရီးယားသည် နျူကလီးယားအစီအစဉ်တွင် ပါဝင်သည့် အကြောင်းအရာများကို စတင်ဆွေးနွေးစဉ်မှာပင် ၎င်း၏ နျူကလီးယားလက်နက်အစီအစဉ်ကို စွန့်လွှတ်ရန် သဘောမတူခဲ့ပေ။

၂၀၀၇ ဖေဖော်ဝါရီဆွေးနွေးပွဲသဘောတူညီချက်သည် မည်သည့်ဘက်သို့ ဦးတည်နေသည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။ဆွေးနွေးပွဲများမှာ ဆက်တိုက်ပုံမှန်ကျင်းပခြင်းမဟုတ်ဘဲ နားလိုက်၊ ကျင်းပလိုက်ဖြစ်ပြီး တိုးတက်မှုရှိသည်ဟု ဆိုသည်။ မြောက်ကိုရီးယားအပေါ် အမေရိကန်နှင့် ဂျပန်တို့က တင်းမာသော သဘောထားရှိပြီး တောင်ကိုရီးယားနှင့် တရုတ်တို့က ပျော့ပျောင်းသည်။ မြောက်ကိုရီးယားနှင့် ဆွေးနွေးရသည်မှာ အမြဲတမ်းလိုလို အန္တရာယ်များသည်။ မြောက်ကိုရီးယား၏ စစ်သားအင်အားမှာ တစ်သန်းခန့်ရှိသည်။ အင်အား ၇၀ ရာခိုင်နှုန်းကို တောင်ကိုရီးယားနယ်စပ်အနီးတွင် အသင့်တပ်ချထားသည်။ ရန်ဘက်များအပေါ် အဖျက်အမှောင့်လုပ်သည့် အကြမ်းဖက်ဝါဒကျင့်သုံးသည်၊ ဒုံးပျံလက်နက်များစမ်းသပ်ပြပြီး ခြောက်လှန့်သည် စသည်ဖြင့် အကောင်းမမြင်သူများစွာရှိသည်။ ၎င်းတို့က ၁၉၈၃ တွင် မြန်မာနိုင်ငံ မြို့တော်ရန်ကုန်၌ ဧည့်သည် တောင်ကိုရီးယားအစိုးရအဖွဲ့ဝင်များအား ဗုံးခွဲလုပ်ကြံမှု၊ ၁၉၈၈တွင် တောင်ကိုရီးယားခရီးသည်တင် လေယာဉ်ဗုံးခွဲ ဖျက်ဆီးခံရပြီး လူပေါင်း ၁၁၅ ဦးသေဆုံးမှုတို့ကို ထောက်ပြကြသည်။ ၂၀၀၇ တွင် ခြောက်နိုင်ငံ ဆွေးနွေးပွဲ ပြန်လည်ကျင်းပခြင်းနှင့် အမေရိကန်နှင့် နျူကလီးယားသဘောတူညီမှုအချို့ရခြင်းတို့ကို ကမ္ဘာက ကြိုဆိုကြသည်။

ဘုရှ်အစိုးရက မြောက်ကိုရီးယားအား ‘မိစ္ဆာဝင်ရိုးစွန်း’ နိုင်ငံတစ်နိုင်ငံအဖြစ် သမုတ်ခြင်း၊ မြောက်ကိုရီးယားတွင် အီရတ်၊ အီရန်တို့ကဲ့သို့ ‘အစိုးရအဖွဲ့ပြောင်းလဲပစ်ရမည်’ဟု လူသိရှင်ကြားထုတ်ဖော်ကြေညာခြင်းအတွက် အမေရိကန်အစိုးရ၏ လုပ်ရပ်ကို အကြီးအကျယ်ဝေဖန်မှုများပေါ်ပေါက်ခဲ့သည်။ သို့သော် မြောက်ကိုရီးယား အစိုးရအပြောင်းအလဲဆိုသည်မှာ ၎င်းတို့အတွင်း ၎င်းတို့ကိုယ်တိုင်ဖန်တီးမှ ပေါ်ပေါက်လာနိုင်သည်။ ပိုရှင်းအောင်ဆိုရလျှင် ကင်ဂျောင်အီလ် ကွယ်လွန်သည့်အခါ သူ့နေရာကို ဆက်ခံမည့်သူ အထင်အရှားမရှိလျှင် အစိုးရပြောင်းလဲနိုင်သည်။

အာဏာပြိုင်ပွဲမှာ စစ်တပ်နှင့် နိုင်ငံရေးဘက်မှ ထိပ်တန်းအရာရှိကြီးများအတွင်း ဖြစ်ပွားနိုင်သည်။ သို့မဟုတ် အခွင့်ထူးခံထိပ်တန်းအရာရှိကြီးတစ်စုနှင့် အခွင့်ထူးမခံစားရ သော်လည်း လက်နက်ကိုင်ဆောင်ထားသည့် စစ်တပ်မှ အရာရှိငယ်များအကြားတွင် ဖြစ်ပွားနိုင်သည်။

မြောက်ကိုရီးယားသည် ကမ္ဘာပေါ်တွင် စစ်သွေးစစ်မာန်အပြင်းထန်ဆုံးနိုင်ငံများတွင် ပါဝင်သည်။ တိုင်းပြည်ဖရိုဖရဲပြိုကွဲသွားပြီဆိုလျှင် ဒုက္ခသည်များသည် ယာလူးမြစ်နှင့် တူမင်မြစ်တို့ကို အလွယ်တကူဖြတ်ကူးပြီး တရုတ်ပြည်ထဲဝင်ပြေးမည်မှာ သေချာသည်။ သို့မဟုတ် အရှေ့မြောက်မှ ရုရှားနယ်စပ်အတွင်း ထွက်ပြေးကြမည်။ တရုတ်ပြည်၏ အရှေ့မြောက်ဘက်တွင် မြောက်ကိုရီးယား တစ်သန်းကျော် နေထိုင်လျက်ရှိသည်။ ဝင်လိုက်၊ ထွက်လိုက်နှင့် ကူးလူးဖြတ်သန်းနေသူများလည်း များစွာရှိသည်။

ဆက်လက်ဖော်ပြပါမည်

ဇရာပိ ဒုက္ခကာကွယ်ရေး ဆေးဝါးများ မကြာမီ အသုံးပြုလာနိုင်ဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၃၀

ဇရာ၏ လက္ခဏာများဖြစ်သော ပါးရေနားရေတွန့်ခြင်း၊ ကင်ဆာရောဂါနှင့် သတိမေ့လျော့မှုကဲ့သို့ ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ပြီး အိုမင်းမှုဖြစ်စဉ်ကို ကာကွယ်ပေးနိုင်မည့် ဆေးဝါးများအား များမကြာမီကာလအတွင်း အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ယင်းဆေးဝါးများသည် အထက်ပါ ရောဂါဝေဒနာများ၏ ဇာစ်မြစ်ဖြစ်သော ဇရာပြဿနာကို ဖြေရှင်းပေးလိမ့်မည်ဖြစ်ကြောင်း ဗြိတိသျှ မျိုးဗီဇသိပ္ပံပညာရှင် လင်ဒါပတ်ထရစ်ဂျ်က ဒေးလီတယ်လီဂရပ်သတင်းစာသို့ ပြောကြားခဲ့သည်။

ဇရာနှင့် ဆက်နွယ်သည့် ရောဂါဝေဒနာများဖြစ်ပွားမှုနှုန်း မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ထိရောက်သော နည်းလမ်းတစ်ရပ်မှာ အိုမင်းမှုဖြစ်စဉ်အား ခုံခံကာကွယ်ရေးဖြစ်ကြောင်း လင်ဒါပတ်ထရစ်ဂျ်က သုံးသပ်ခဲ့သည်။

ဇရာပြဿနာကို အဓိကထားသည့် ကုထုံးများသည် အိုမင်းမှုဖြစ်စဉ်ကို ကာကွယ်ပေးရုံမျှမက ကြွက်သားများ သန်မာမှုအခြေအနေ၊ အကြားအာရုံနှင့် အရေပြား အခြေအနေများကိုလည်း ထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း လင်ဒါက ပြောကြားခဲ့သည်။

သို့ရာတွင် အိုမင်းမှု ဖြစ်စဉ်ကာကွယ်ရေးဆေးဝါးများ၏ အန္တိမရည်မှန်းချက်မှာ ထာဝရအသက်ရှင်နိုင်ရေး မဟုတ်ဘဲ အိုမင်းမစွမ်းဖြစ်လာချိန်၌ လူသားများ ကြုံတွေ့ရတတ်သော ရောဂါဝေဒနာများ၏ ကာလအပိုင်းအခြားအား လျှော့ချပေးနိုင်ရေးဖြစ်ကြောင်း ၎င်းက ဆိုသည်။ ယူပီအိုင်။

အမေရိကန်ကမ်းရိုးတန်း ရေပြင်များအတွင်းရှိ စွန့်ပစ်လက်နက်များ၏ ဘေးအန္တရာယ်ကြီးမား

ကောလိပ်စတေရှင် စက်တင်ဘာ ၃၀

အမေရိကန်ပြည်ထောင်စု ကမ်းရိုးတန်းဒေသများ၏ ကမ်းလွန်ရေပြင်များအတွင်း လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာက စွန့်ပစ်ထားသည့် ပေါက်ကွဲခြင်းမရှိသေးသော စစ်သုံးလက်နက်ပေါင်းချိန်တန်ပေါင်းများစွာတို့သည်ရေကြောင်းသွားလာရေးနှင့် ကမ်းလွန်ရေနံတူးစင်များအတွက် ဘေးအန္တရာယ်တစ်ရပ်ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ပေါက်ကွဲခြင်းမရှိသေးသည့် ဗုံးများနှင့် အခြားစစ်သုံးပစ္စည်းပေါင်းချိန်သန်းပေါင်းများစွာသည် မက္ကဆီကို ပင်လယ်ကွေ့နှင့် အမေရိကန်ပြည်နယ် ၁၆ ပြည်နယ်တို့၏ ကမ်းရိုးတန်းကမ်းလွန်ရေပြင်များ၌ ပျံ့နှံ့တည်ရှိနေကြောင်း သမုဒ္ဒရာဗေဒ သုတေသနပညာရှင်များ အဆိုအရ သိရသည်။

မက္ကဆီကိုပင်လယ်ကွေ့နှင့် အခြားသောအမေရိကန် ကမ်းလွန်ရေပြင်များ၌ အသုံးမပြုတော့သည့် စစ်သုံးပစ္စည်းများ စွန့်ပစ်မှုကို ၁၉၄၆ ခုနှစ်တွင် စတင်ခဲ့ပြီး ယင်းကိစ္စအား ပိတ်ပင်ခြင်းမပြုမီ ၁၉၇၀ ခုနှစ်အထိ ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ကမ်းရိုးတန်းကမ်းလွန်ရေပြင် ဒေသများ၌ အသုံးမပြုတော့သည့် ဗုံးလက်နက် ပေါင်ချိန် ၃၁ သန်းခန့် စွန့်ပစ်ခဲ့ကြောင်း ခန့်မှန်းရသည်။

အမေရိကန်ကမ်းရိုးတန်း၏ ရေပြင်ဒေသများအတွင်း ပေါက်ကွဲစေတတ်သော စစ်သုံးပစ္စည်းများအပြင် ဓာတုလက်နက်စည်များကိုလည်း စွန့်ပစ်ထားခဲ့ရာ အချို့သောစည်များသည် ဓာတုပစ္စည်းများ ယိုဖိတ်နေနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယူပီအိုင်။

လစ်ဗျားစစ်ဘက်ထံသို့ ပြည်သူများ လက်နက်အပ်နှံ

ဘန်ဂါဇီ စက်တင်ဘာ ၃၀

ပြည်သူ့စစ်အုပ်စုများကို ရည်ရွယ်၍ လစ်ဗျားအာဏာပိုင်များက ဆောင်ရွက်လျက်ရှိသည့် လက်နက်စွန့်လွှတ်ရေး အစီအစဉ်တစ်စိတ်တစ်ပိုင်းအရ ဘန်ဂါဇီမြို့တော်မှ လစ်ဗျားပြည်သူ ရာပေါင်းများစွာတို့သည် ၎င်းတို့ လက်ဝယ်ရှိ လက်နက်ခဲယမ်းများအား အာဏာပိုင်များထံ စက်တင်ဘာ ၂၉ ရက်က အပ်နှံခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)

လက်နက်စွန့်လွှတ်ရေးအစီအစဉ်အရ လစ်ဗျားပြည်သူရာပေါင်းများစွာတို့သည် ၎င်းတို့ ကိုင်ဆောင်ထားသည့် ချေမှုန်းရေးရိုင်ဖယ်များ၊ လေကြောင်းရန်ကာကွယ်ရေး အမြောက်များ၊ ဒုံးပစ်လောင်ချာများနှင့် တင့်ကားများကို လစ်ဗျားစစ်ဘက်ထံ အပ်နှံခဲ့ကြသည်။

ဘန်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး စက်တင်ဘာ ၁၁ ရက်တွင် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရ၍ အမေရိကန်သံအမတ် ခရစ္စတိုဖာစတီဗင် သေဆုံးခဲ့ရပြီးနောက်လစ်ဗျားအာဏာပိုင်များသည် တရားမဝင် ရပ်တည်နေသော ပြည်သူ့စစ်အဖွဲ့များကို ဖျက်သိမ်းရေးနှင့် လက်နက် စွန့်လွှတ်ရေးစီမံကိန်းများအား တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိသည်။

ဘန်ဂါဇီမြို့တော်၌ လစ်ဗျားပြည်သူ ၈၀၀ ကျော်တို့သည် ၎င်းတို့ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများကို သတ်မှတ်နေရာများသို့ သွားရောက်အပ်နှံခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

တင့်ကားနှစ်စီးပါ

ထရီပိုလီမြို့တော်၌ တင့်ကားနှစ်စီးအပါအဝင် လက်နက်ခဲယမ်းအမျိုးအစား ၆၀၀ ကျော်ကို လစ်ဗျားပြည်သူများက လာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

ယခင်ခေါင်းဆောင် ဗိုလ်မှူးကြီး မွမ်မာကဒါဖီကို ဆန့်ကျင်ရေး လှုပ်ရှားမှုကာလအတွင်း လစ်ဗျားပြည်သူ ၂၀၀၀၀ ကျော်တို့သည် လက်နက်များကိုင်ဆောင်ထားခဲ့ကြသည်။

ဘီဘီစီ။

ပြည်သူ့ဝန်ထမ်းတို့တာဝန်

ယခုအချိန်အခါသည် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်သို့ ကူးပြောင်းတည်ဆောက်လျက်ရှိရာတွင် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့သစ်၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြည်သူများ၏ ထောက်ခံကျေနပ်မှုများသည် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ အပြုသဘောကျေနပ်လက်ခံနိုင်မှုများသည် လည်းကောင်း၊ မြန်မာနိုင်ငံသားတို့၏ အနာဂတ်အရေးသည် တက်သစ်စနေဝန်းပမာ ထွန်းလင်းလာပြီဖြစ်ပါသည်။ လက်ရှိ အခြေအနေသည် ဒီမိုကရေစီလမ်းကြောင်းကို စမ်းသပ်လျှောက်လှမ်းခါစသမယတွင် အစိုးရအဖွဲ့သည် ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူပြည်သားများအားလုံး၏ အရေးကို အလေးအနက်ထား စနစ်တကျစီမံဆောင်ရွက်နေသော အချိန်အခါလည်းဖြစ်ပါသည်။

ဒီမိုကရေစီ၏သဘောမှာ ပြည်သူပြည်သားများအားလုံးက နိုင်ငံရေးအသိဖြင့် နိုင်ငံ၏အရေးအရာများကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်းပင် ဖြစ်ပါသည်။ အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များသည်လည်း ပြည်သူတို့ အတွက် အလုပ်လုပ်ပေးကြသူများဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးကောင်းကျိုးအတွက် ပြည်သူအားလုံး ပါဝင်လုပ်ဆောင်ကြခြင်းသည်ပင် ဒီမိုကရေစီ၏အခြေခံဖြစ်ပါသည်။

နိုင်ငံသားတိုင်းသည် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို သိရှိထားရန် လိုအပ်လှပြီး တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရေးတို့အတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီနေထိုင်ကာ အခြားသူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကိုထိခိုက်စေမှုမရှိစေဘဲ မိမိ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခွင့်ရှိပါသည်။

ဒီမိုကရေစီနိုင်ငံကြီးတိုင်းတွင် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများ ရေးဆွဲချမှတ်ထားကြသည်မှာ များပြားလှပါသည်။ ထိုနိုင်ငံကြီးများတွင် ထိုစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများသည် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဖြစ်ပါသည်။ ထိုစည်းကမ်း၊ ဥပဒေများကို နိုင်ငံသားတိုင်းက လိုက်နာကြရပါသည်။ ထို့ကြောင့်ပင် စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံအဖြစ် ရပ်တည်နေနိုင်ကြပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့၏ ဝန်ကြီးဌာနများ ပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်း၊ ဝန်ကြီးများလိုအပ်သလို ဖြည့်စွက်ခြင်း၊ ပြောင်းလဲခန့်အပ်ခြင်းပြုလုပ်ပြီးနောက် အဆိုပါဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကတိသစ္စာပြုခြင်း အခမ်းအနား၌ မြွက်ကြားသော မိန့်ခွန်းတွင် ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ မပျက်စီးစေရန်၊ မိမိတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရေးသည် နိုင်ငံတော်၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသား တစ်ယောက်အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ကျေပွန်ဖို့အရေးကြီးကြောင်း၊ တာဝန်ဟုဆိုရာတွင် တိုင်းပြည်၏တာဝန်၊ အစိုးရအဖွဲ့၏ တာဝန်နှင့် ဝန်ကြီးဌာန၏ တာဝန်တို့ဖြစ်ပြီး ထိုတာဝန်များကို မိမိတို့ကိုယ်တိုင် ပါဝင်လုပ်ဆောင်အကောင်အထည်ဖော်ကြရာတွင် အစွန်းတစ်ဖက်သို့ ရောက်မသွားစေရန် အထူးသတိပြုကာ မူဝါဒများကို ယုံယုံကြည်ကြည် ခံယူထားကြရန် အသိမှန်၊ အလုပ်မှန်ဖြစ်ရန်နှင့် အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှသည် ပြည်သူတို့ အဆင်ပြေချောမွေ့မှု၊ စိတ်ချလုံခြုံမှုစိတ်ကျေနပ်စိတ်ချမ်းသာမှုများကို ဖော်ဆောင်ပေးနိုင်ရန်အတွက် ပြည်သူများကိုဗဟိုပြု၍ ဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည့်နေရာတွင် ပြည်သူများကို အလေးအမြတ်ထားသည့် အပြောင်းအလဲများ ဖြစ်ထွန်းပေါ်ပေါက်လာရေး ပြည်သူတို့ မည်သို့အခက်အခဲကြုံနေသည်၊ မည်သည်တို့ကို လိုလားတောင့်တနေသည် ဆိုသည်များကို သိရှိနားလည်အောင် ကြိုးစားကြရန်၊ ဂုဏ်သိက္ခာ မြင့်မားသော အစိုးရယန္တရားတစ်ရပ် ပီပီပြင်ပြင်ပေါ်ပေါက်လာရေး ဝန်ကြီးများက

သောင်းလွင်ဦး

မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်ကြရန် မှာကြားသွားခဲ့ပါသည်။

ပြည်သူများအတွက် လုပ်ငန်းတာဝန်ထမ်းရွက်မည့် ဝန်ကြီးဌာနများအတွက် နိုင်ငံတော်သမ္မတကြီး၏ မှာကြားချက်များသည် ပြည်သူ့ဝန်ထမ်းအားလုံး အလေးအနက်ထား လိုက်ပါဆောင်ရွက်ရမည့် လမ်းညွှန်ချက်များဟု ကျွန်တော်နားလည်မိပါသည်။ ပြည်သူ့ဝန်ထမ်းဟုဆိုရာတွင် ပြည်သူ၏တာဝန်ကို ထမ်းရွက်ရခြင်းဟု အဓိပ္ပာယ်ထွက်ပါသည်။ နိုင်ငံတော်အစိုးရက ပြည်သူများ ကောင်းစားရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ပြည်သူနှင့် ထိတွေ့ ဆက်ဆံရသော ပြည်သူ့ဝန်ထမ်းများအပိုင်းမှ ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့်အညီ လိုက်ပါပြောင်းလဲနိုင်ဖို့ အရေးကြီးလှ ပါသည်။

ဝန်ထမ်းများအပိုင်းက ပြောင်းလဲပေးသွားရန်မှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် အဓိကကျလှပါသည်။ ဒီမိုကရေစီကျင့်စဉ်သဘောအရ မိမိ မနှစ်သက်သည်ကို အခြားသူတစ်ဦးအားလည်း မိမိမှ မပြုမူမိအောင် ထိန်းသိမ်းခြင်း စိတ်ဓာတ်မျိုး မွေးမြူလေ့ကျင့်ရမည့်သဘောဖြစ်ပါသည်။ မည်သူမဆို ရုံးတစ်ရုံး၊ ဌာနတစ်ခုကို သွားရောက်၍ လုပ်ငန်းဆောင်ရွက်သည့်အခါ လုပ်ပေးလျှင် ရနိုင်ပါလျက်နှင့် ခက်ခဲသည့်သဘော၊ ပေးမှ လုပ်ချင်သည့်သဘော၊ ၎င်းအတွက် အကျိုးအမြတ်မရနိုင်သည့်အခါ ယဉ်ယဉ်လေးနှင့် မူဘောင်နှင့် မညီသလိုမျိုး **"မရလို့ပါ"** ဟု ငြင်းဆိုသည့် ရုံးဌာနမျိုးနှင့် ကြုံတွေ့ရသည့်အခါ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရမည်မှာ အမှန်ပင်။ ထို့ကြောင့် စာနာစိတ်ဖြင့် မိမိရုံး၊ မိမိဌာနတွင်ဤကဲ့သို့ မဖြစ်အောင် ထိန်းသိမ်းပေးခြင်းသည်ပင် လျှင် ဒီမိုကရေစီ၏ အခြေခံကျသော စိတ်ဓာတ်ပင် ဖြစ်ပါသည်။

စိတ်ဓာတ်ပိုင်းဆိုင်ရာ၌ ကိုယ်ကိုယ်တိုင်က စိတ်ချမ်းသာချင်သလို မိမိထံ ရောက်လာကြသော ပြည်သူလူထုအပေါ် အပြုအမူ မေတ္တာ၊ ကရုဏာ၊ မုဒိတာဟူသည့် ကောင်းမြတ်သည့် လုပ်ဆောင်မှုများကို လုပ်ငန်းတာဝန်နှင့်တွဲ၍ လေ့ကျင့်ဆောင်ရွက်သင့်ပါသည်။ ပြည်သူတစ်ဦး မိမိရုံးဌာနသို့ နေပူကျဲကျဲ၊ မိုးသည်းသည်းတွင် လာရောက်ခြင်းသည် လိုအပ်ချက်ရှိ၍သာဖြစ်ပါလိမ့်မည်။ ထိုသူ၏ လိုအပ်ချက်ကို မူဘောင်နှင့်ညီညွတ်ပါက စေတနာထား၍ ဆောင်ရွက်ပေးနိုင်ခြင်းသည်ပင်လျှင် မေတ္တာတရားဖြစ်ပါသည်။ ခံယူတတ်လျှင် မုဒိတာပီတိဖြစ်ပါသည်။

အရာရှိတစ်ဦးသည် လက်အောက်ဝန်ထမ်းအငယ်များကို မိဘက သားသမီးကို မြင်သကဲ့သို့ အမြင်မျိုးဖြင့် သူတို့၏ အခြေခံလိုအပ်ချက်များနှင့် သက်သာချောင်ချိရေးကိစ္စများကို ဆောင်ရွက်ပေးခြင်း၊ လူမှုရေး အခက်အခဲအားနည်းချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြုပြင်နိုင်သော အပြစ်ကိုတွေ့လျှင် မှန်ကန်သော စေတနာဆန္ဒဖြင့် အမှားကိုပြ အမှန်ကိုပြုပြင်ပေးခြင်း၊ တာဝန်ယူခြင်း၊ စည်းလုံးညီညွတ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းဘဝရသည့်အချိန်အခါတွင် တစ်ဦးတစ်ယောက်ချင်း အနစ်နာခံ၊ သည်းခံဆောင်ရွက်တတ်ခြင်း အလေ့အကျင့်များ ကို

မိမိတို့နှင့်သက်ဆိုင်ရာ အစိုးရဝန်ထမ်းအရာရှိအဆင့်ဆင့်ကို ယုံကြည်စွာနှင့် တာဝန်တွေခွဲဝေပေးကြရန်၊ တိကျပြတ်သား သည့် လုပ်ငန်းစဉ်များ ချမှတ်ပေးရန်၊ "ကြိုးနီစနစ်"များ လျှော့နည်းပပျောက်သွားစေရန်၊ ရိုးရိုးသားသားနှင့် စေတနာထား လုပ်ဆောင်သွားစေ ရန်၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တမဏ္ဍိုင်ခိုင်မြဲစေရန်၊ ကောင်းမွန်သည့်အစိုးရ၊ သန့်ရှင်းသည့် အစိုးရဖြစ်စေရန်၊ ပြည်သူယုံကြည်မှုရရှိရန် ခေါင်ကစ၍ အမိုးလုံ ရန်အတွက်

အားဖြင့် မောက်မာမှုမရှိစေဘဲ ဆက်ဆံခြင်း၊ အပြောအဆိုအားဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုခြင်းဖြင့် စိတ်ချမ်းသာမှုပြန်လည်ပေးအပ်နိုင်လျှင် နတ်လူသာခုခေါ်ကြပါလိမ့်မည်။ ခေတ်ကာလ၏ လိုအပ်ချက်ကို ဖော်ဆောင်ရာလည်း ရောက်ပါလိမ့်မည်။

ဝန်ထမ်းများအပိုင်းက ပြုပြင်ပြောင်းလဲရေးအတွက် အရာရှိပိုင်းက ဦးစွာစ၍ မိမိကိုယ်မိမိခေါင်းဆောင်မှုအရည်အချင်းများနှင့် ပြည့်ဝနိုင်စေရန် အစဉ်တစိုက် ကြိုးပမ်းနေရမည်ဖြစ်သလို အရာရှိဆိုးဟု အထင်အမြင် မခံရစေအောင် ကြိုးစားထိန်းသိမ်းသင့်ပါသည်။ အောက်ခြေကို စံပြဖြစ်အောင် မိမိကိုယ်မိမိစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင်ကျင့်သုံးသင့်ပါသည်။ ဗြဟ္မစိုရ်တရားလေးပါးဖြစ်သော စေတနာ၊

ရန်ကုန်မြို့တွင် လူဦးရေက များလာသလို ယာဉ်တွေကလည်း များပြားလှပြီး ဈေးသည်တွေက ပလက်ဖောင်းနှင့် လမ်းမပေါ်အထိ ခင်းကျင်းရောင်းချကြသည်။

ပြုစုပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်သွားသင့်ပါသည်။

အထူးသဖြင့် ယခုအချိန်အခါသည် နိုင်ငံတော်အစိုးရအပိုင်းက **ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသော အစိုးရ** ဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်တွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ပြည်သူများနှင့် ဆက်ဆံသည့် ရုံးများအပေါ် ထောက်ပြခဲ့သည်မှာ "ပြည်သူများ၏ ရုံးကနားများနှင့် ဆက်ဆံရသည့် ဒုက္ခ၊ ဟိုရုံးပြေး သည်ရုံးပြေး အချိန်ကုန်/ပိုက်ဆံကုန်သည့် ကိစ္စရပ်များသည် နေရာတိုင်းတွင် ကြားနေရပြီး ယနေ့ပြည်သူများ အဆင်မပြေသည့် အထဲတွင် ၎င်းကိစ္စသည် ထိပ်တန်းက ပါဝင်နေပါကြောင်း" လာဘ်ပေး လာဘ်ယူကိစ္စသည် ဝန်ထမ်းများအပေါ် ပြည်သူက ငြူစူစေသည့် လုပ်ရပ်များဖြစ်ကြောင်း သတိပေးမှာကြားခဲ့ပါသည်။

ဝန်ထမ်းဆိုသည်မှာ ပြည်သူ့အတွက် တိုင်းပြည်က ပေးအပ်သော တာဝန်များကို ထမ်းရွက်ရခြင်းမို့ တာဝန်ရှိသည့်အတိုင်း ပြည်သူများအပေါ် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ အချို့က တာဝန်သိသော်လည်း အချို့က တာဝန်ကို ပျက်ကွက်သည်၊ ပေါ့လျော့သည်။

ဥပမာအားဖြင့် ရန်ကုန်မြို့ကိုကြည့်နိုင်ပါသည်။ ရန်ကုန်မြို့တွင် လူဦးရေက များလာသလို ယာဉ်တွေကလည်း များပြားလှပြီး ဈေးသည်တွေက ပလက်ဖောင်းနှင့် လမ်းမပေါ်အထိ ခင်းကျင်းရောင်းချကြသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟူသည် အစရှာမရသကဲ့သို့ ကားတွေကလည်း စည်းကမ်းမဲ့သည်။ ရောင်းသူတွေကလည်း လက်လုပ်လက်စားမို့လို့ စားဝတ်နေရေးအတွက် ခလုတ်တိုက်မှရောင်းရဝယ်ရသည့် ပလက်ဖောင်းကို အားကိုးကြရသည်။ ထိန်းသိမ်းရမည့်သူများက ဒီတာဝန်များကို ပါးနပ်စွာ စဉ်းစားဖြေရှင်းဆောင်ရွက်ပေးဖို့ လိုအပ်နေသည်။ ဘယ်လိုနေရာပေးမှာလဲ၊ ဘယ်လိုပညာပေးမှာလဲ၊ ဘယ်လိုဖြေရှင်းပေးမှာလဲ စဉ်းစားစရာ ဖြစ်ပါသည်။

အချို့နေရာများတွင် ဥပဒေစည်းကမ်းတို့ ထုတ်ပြန်ပြဋ္ဌာန်းထားသော်လည်း အသက်ဝင်မှု အားနည်းသဖြင့် ထိရောက်သော စည်းကမ်းလိုက်နာမှု မရှိသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် ဘတ်စ်ကားကြီးများ တစ်စီးနှင့်တစ်စီး လူလုတင်ရန်အတွက် မီးပွိုင့်တွင် တန်းပြည့်နေသောအခါ နောက်မှာရှိသော ဘတ်စ်ကားတစ်စီးက Free Lane ညာကွေ့ လမ်းမှနေ၍ ဖြတ်ကျော်လုတက်သည်။ အခြားယာဉ်များ ရှေ့ရောက်ရန် ဇွတ်အတင်း ဖောက်ဖျက်မှု တစ်ခုကို ဥပဒေအရ ချက်ချင်းအရေးမယူနိုင်သည့် ဖြစ်ရပ်မျိုးများစွာ နေရာတကာ၌ မြင်တွေ့နေရပါသည်။ ကွမ်း၊ တံတွေးတွေ တွေ့ရာနေရာ ထွေးကြသည်။ မဆင်မခြင် အမှိုက်စွန့်မှုများ ရှိနေသည်။

အမှန်တော့ ဒီမိုကရေစီ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို စည်းမျဉ်းဘောင်အတွင်းမှသာ ရယူတတ်ဖို့ ပြည်သူတစ်ဦးချင်း၊ ဝန်ထမ်းတစ်ဦးချင်း၊ မိမိတာဝန်မိမိယူ၍ အခြားသူကိုလည်း မထိခိုက်စေဘဲ ဒီမိုကရေစီနိုင်ငံသားများအဖြစ် လေ့ကျင့်သွားကြရမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ သို့သော် နေ့ချင်း ညချင်း ဒီမိုကရေစီနိုင်ငံဖြစ်မသွားနိုင်သည် ကိုတော့ နားလည်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် ခေါင်းဆောင်ပိုင်းက ကောင်းသော ပြောင်းလဲခြင်းများကို ဦးဆောင်ညွှန်ပြနေသည်ကို မြင်အောင် ကြည့်ကြရပါမည်။ ကိုယ်နှင့်ထိတွေ့လာသော ပြည်သူများကို ကြည်ဖြူအောင် လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရပါမည်။ လိုအပ်သည့် လုပ်ထုံးလုပ်နည်းကိုသာ အသုံးပြု၍ မှန်ကန်မြန်ဆန်အောင် ဆောင်ရွက်ပေးကြရပါမည်။ မလိုအပ်သောအဆင့်များလျှော့ချ၍ ဖြေလျှော့နိုင်သည့် လုပ်ငန်းစဉ်များကို ရှာဖွေဖော်ထုတ်သွားကြရပါမည်။ နိဂုံးချုပ်အားဖြင့် ဆိုရပါလျှင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ခွန်းနှင့်အညီ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖို့ အရွေ့တစ်ခုကို ခေါင်းဆောင်ပိုင်းနှင့်အတူ ပြည်သူ့ဝန်ကို ထမ်းရွက်သူ ဝန်ထမ်းတွေက စပြီး ပြိုင်တူရွေ့ကြရမည်ဆိုသော အသိဝင်ကြရမည်ဖြစ်ပါကြောင်း လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းအပေါင်းအား ဤဆောင်းပါးဖြင့် မေတ္တာရပ်ခံ တိုက်တွန်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဂျိမ်းစ်ဘွန်း၏ ပစ္စည်းအမျိုးပေါင်း ၄၀ လေလံတင်မည်

ကမ္ဘာကျော် စပိုင်မင်းသား ဂျိမ်းစ်ဘွန်း (007)၏ ရုပ်ရှင်သက်တမ်း နှစ်ပေါင်း ၅၀ အတွင်း အသုံးပြုခဲ့သည့် ပစ္စည်းများအနက် ပစ္စည်းအမျိုးပေါင်း ၄၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည့် လေလံပွဲတစ်ခုကို အောက်တိုဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။



၁၉၆၂ ခုနှစ်မှ စတင်ရိုက်ကူးလာခဲ့သော များပြားလှသည့် ဂျိမ်းစ်ဘွန်း ဇာတ်လမ်းတွဲများတွင် ဂျိမ်းစ်ဘွန်း (007) အဖြစ် သရုပ်ဆောင်ခြောက်ဦး ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့သရုပ်ဆောင်ထားသော ဇာတ်ကားအားလုံးအနက်မှ ပစ္စည်းအချို့ကို လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

ဝယ်ယူနိုင်

ယင်းလေလံပွဲတွင် ဂျိမ်းစ်ဘွန်း၏ 'Quantum of Solace'ဒရမ်မာ ဇာတ်ကားထဲမှ Aston Martin 6 V12 DBS မော်တော်ကား၊ ၎င်းအသုံးပြုခဲ့သော တဲရော့ကတ်ပြားများ၊ အိုမီဂါနာရီ၊ ရေကူးဝတ်စုံ၊ မျက်မှန်အပြင် ယခုအသစ်ထွက်ရှိမည့် ရုပ်ရှင်ထဲတွင် အသုံးပြုရိုက်ကူးထားသည့် ညစာစားပွဲ ပွဲတက်ဝတ်စုံနှစ်စုံ အစရှိသော ပစ္စည်းအမျိုးပေါင်း ၄၀ ကို စိတ်ကြိုက်ဝယ်ယူနိုင်ကြောင်း သိရသည်။

လှူဒါန်းမည်

အဆိုပါ လေလံပွဲမှ ရရှိသော ငွေကြေးများကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ သိပ္ပံပြတိုက်၊ ဗြိတိန်လူငယ်သင်တန်းကျောင်းနှင့် အများအကျိုးဆောင်လုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ပစ္စည်းများ၏ ဈေးနှုန်းများကိုလည်း ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်ပြီး အွန်လိုင်းမှ လေ့လာဝယ်ယူလိုသူများအတွက် သီးသန့်ဝန်ဆောင်ခပေးရန်မလိုဘဲ ပြပွဲလာရောက်သူများအနေဖြင့် အောက်တိုဘာ ၅ ရက်တွင် လေလံပွဲကို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

Spider Man နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးမည်

ဗြိတိန်ရုပ်ရှင်သရုပ်ဆောင် အန်ဒရူးဂါဖီးနှင့် အမေရိကန် ဒါရိုက်တာ မားခ်ဝက်ဘ်တို့ ပူးပေါင်း၍ "The Amazing Spider Man" ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်လမ်းရိုက်ကူးရန်အတွက်

သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းသိရသည်။

၎င်းဇာတ်ကားတွင် ဂါဖီးသည် ဂုဏ်သရေရှိ လူကြီးလူကောင်း ပီတာပတ်ကာကဲ့သို့သော ဇာတ်ကောင်စရိုက်မျိုးဖြင့် ပြောင်းလဲသရုပ်ဆောင်ရမည်ဖြစ်ပြီး ပီတာပတ်ကာ၏ ချစ်ခင်မြတ်နိုးသူအဖြစ် မင်းသမီး အမ်မာစတုန်းက ပါဝင်အားဖြည့်ပေးမည်ဖြစ်သည်။

အဆိုပါ 'Spider Man' ၏ နောက်ဆက်တွဲဇာတ်ကားကို ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မေလတွင် ထုတ်လုပ်ဖြန့်ချိနိုင်ရန် စီစဉ်ထားသော်လည်း ယခုအချိန်အထိ ဇာတ်ကား၏အမည်ကို မရွေးချယ်ရသေးကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် - စုစည်းသည်။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချ ကျေးရွာသမဝါယမအသင်းများကို Training များအဖြစ် အသုံးပြုနိုင်ရေးစီမံဆောင်ရွက်

နေပြည်တော်　　စက်တင်ဘာ　　၃၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် အမရပူရမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းကျောင်းသို့ ရောက်ရှိပြီး အရောင်းခန်းမ၊ ပြခန်း၊ လွန်းရာကျော်ချိတ်နှင့် ရွှေချည်ထိုးသင်တန်းခန်းမ စက်ရက်ကန်းရုံကြီးတို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဒေါ်တင့်တင့်က လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆောင်းဒါးရက်ကန်းကျောင်း အခြေခံ/အထက်တန်းရက်ကန်း သင်တန်းကျောင်းများသည် အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်ပြည့်ဝသော သမဝါယမ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်သည့် လူငယ်လူရွယ်များ မွေးထုတ်ပေးနိုင်ရေး ဦးတည်ရည်မှန်းချက်ထားရှိကာ သင်ကြားပို့ချဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် လည်းကောင်း၊ ဒေသအလိုက်ထွက်ရှိသော ကုန်ကြမ်းပစ္စည်းများအား ကုန်ချောပစ္စည်းထုတ်လုပ်ရာတွင် လည်းကောင်း၊ လက်မှုပညာ အသက်မွေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင်လည်းကောင်း မိရိုးဖလာနည်းများကိုသာ လက်ဆင့်ကမ်းစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြရာ အဆိုပါလုပ်ငန်းများကို စနစ်တကျတတ်မြောက်ပြီး ခေတ်မီနည်းပညာများပါ အသုံးပြုနိုင်သည်အထိ စနစ်တကျလေ့ကျင့်သင်ကြားနိုင်ရေး စီမံဆောင်ရွက်သင့်ပါကြောင်း။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမတက္ကသိုလ်(စစ်ကိုင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထိုသို့ စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူများ၊ အခြေခံလူတန်းစားများ ဝင်ငွေရရှိနိုင်မည့် အိမ်တွင်းမှုလုပ်ငန်းများအား ဒေသနှင့်လိုက်လျောညီထွေဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုနိုင်မည့် သက်မွေးပညာသင်တန်းများ (Vocational Training) ဖွင့်လှစ်ပို့ချရန် လိုအပ်ပါကြောင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် Mobile Training Team များဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာသမဝါယမအသင်းများကို Training Center များအဖြစ် အသုံးပြုဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာရက်ကန်းထည်များ ရက်လုပ်ရာတွင်လည်း ရိုးရာအမွေအနှစ်မပျောက်စေဘဲ ခေတ်မီလှပသော ဒီဇိုင်းဆန်းများရရှိစေရေးအတွက် ဆန်းသစ်တီထွင်နေရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖွင့်လှစ်နေသော ရွှေချည်ထိုး ငွေချည်ထိုးသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ် အတတ်ပညာသင်တန်း၊ ရိုးရာလွန်းရာကျော်ချိတ်သင်တန်းများအပြင် ဒေသနှင့်ကိုက်ညီမည့် ကျောက်မျက်အချောထည်သင်တန်း၊ ကျောက်ဆစ်သင်တန်း စသည်များကိုလည်း ဖွင့်လှစ်သင်ကြားပေးနိုင်ရေး သုံးသပ်စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီခွဲတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)သို့ ရောက်ရှိပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ ကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စာသင်ခန်းများ တိုးချဲ့ပြင်ဆင်ထားရှိမှု၊ သင်ထောက်ကူပစ္စည်းများ ဝယ်ယူဖြည့်တင်းနိုင်ရေး စီစဉ်ထားရှိမှု၊ ကွန်ပျူတာခန်း၊ E- Library ခန်း၊ Language Lab ခန်းများပြုလုပ်ရန် ဆောင်ရွက်ထားရှိမှု၊ ဘာသာရပ်ဌာနအခန်းများ ပြင်ဆင်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာနှင့် ဆရာ ဆရာမများအဆောင်များ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမတက္ကသိုလ်(စစ်ကိုင်း)သည် စစ်ကိုင်းမြို့၏ ကျက်သရေဂုဏ်ဆောင်တက္ကသိုလ်တစ်ခုဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့်အတန်းမီ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဒေသခံ မြို့မိ မြို့ဖများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ စနစ်တကျ စီမံဆွေးနွေးညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇေယျာသီရိမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတသာသနာပြုကျောင်း၌ တိုင်းရင်းသားများ ပညာသင်ကြားလျက်ရှိ

နေပြည်တော်　　စက်တင်ဘာ　　၃၀

နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေး ခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး ပရဟိတ သာသနာပြုကျောင်း၌ တိုင်းရင်းသား ရဟန်း၊ ကိုရင်၊ ကျောင်းသား ကျောင်းသူ ၈၇ ဦးတို့အား ငယ်ရွယ်စဉ်မှစ၍ လောကီ လောကုတ္တရာပညာများကို စာတွေ့ လက်တွေ့ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

၎င်း ပရဟိတသာသနာပြုကျောင်းတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် လောကုတ္တရာ(အငယ်တန်း) ငါးပါး၊ အဝေးသင်တက္ကသိုလ် နှစ်ဦး၊ နဝမတန်း သုံးဦး၊ သတ္တမတန်း သုံးဦး၊ ဆဋ္ဌမတန်း ခြောက်ဦး၊ ပဉ္စမတန်း ရှစ်ဦး၊ စတုတ္ထတန်း ၁၁ ဦး၊ တတိယတန်း လေးဦး၊ ဒုတိယတန်း သုံးဦး၊ ပထမတန်း ၁၄ ဦးတို့ကို ကျောင်းထိုင်ဆရာတော် ဦးသုဇန (သဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ စာသင်စာချဆရာတော် နှစ်ပါးနှင့် ဆရာနှစ်ဦးတို့ဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ဒီသာသနာပြုကျောင်းကို နေပြည်တော် တပ်ကုန်းမြို့ မင်းကျောင်းပရဟိတဆရာတော် ဦးတိလောက က ၁၉၇၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာပါ။ ၂၀၀၆ ခုနှစ် မေလကစလို့ ဆရာတော် ဦးသုဇန (သဒ္ဓမ္မဇောတိကဓဇ) က သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတ သာသနာပြုကျောင်းအမည်နဲ့ လွှဲပြောင်းလက်ခံ တာဝန်ယူ စတင်ဖွင့်လှစ်ခဲ့တာပါ၊ အခု ကျောင်းမှာ ဗမာတိုင်းရင်းသား ၁၁ ဦး၊ ချင်းတိုင်းရင်းသား ၅၆ ဦး၊ နာဂတိုင်းရင်းသား ကိုးဦး၊ တောင်သားတိုင်းရင်းသား သုံးဦး ရှိပါတယ်"ဟု သာသနာပြုကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"နယ်စပ်တောင်တန်းဒေသများတွင် ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားပြီး အရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဒီကျောင်းကိုရောက်လာတဲ့ တိုင်းရင်းသားများအားလုံးကို ငယ်ရွယ်စဉ်ကစလို့ လောကီပညာ၊ လောကုတ္တရာပညာတွေကို စာတွေ့ လက်တွေ့သင်ကြားပေးခြင်းဖြင့် မိမိတို့ရပ်ရွာတွင် အကျိုးပြုနိုင်သော ရှင်ရဟန်း၊ သာသနာ့ရက္ခိတ၊ ဒါယကာကောင်းများ၊ နိုင်ငံ့သားကောင်းအသိပညာရှင်၊ အတတ်ပညာရှင်တွေအဖြစ် ပေါ်ပေါက်လာဖို့ ရည်ရွယ်ဖွင့်လှစ်ခဲ့တာပါ" ဟု ကျောင်းထိုင်ဆရာတော်က ရှင်းပြသည်။

ယင်းသာသနာပြုကျောင်းသို့ အာဟာရဒါနကုသိုလ်ပြုလိုပါက အရုဏ်ဆွမ်းတစ်နပ်လျှင် ၃၀၀၀၀ ကျပ်၊ နေ့ဆွမ်းတစ်နပ်လျှင် ၅၀၀၀၀ ကျပ်နှင့် လူပုဂ္ဂိုလ်များအတွက် ညနေစာတစ်နပ်လျှင် ၅၀၀၀၀ ကျပ် ကျသင့်၍ ဖုန်း-၀၉-၄၉၂၀၁၉၆၃ နှင့် ၀၉-၄၂၈၂၁၆၀၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။　　　သတင်းနှင့် ဓာတ်ပုံ-မင်းမင်းဇော်(ကလေး)

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော်　စက်တင်ဘာ ၃၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၅ စင်တီမီတာ (ပေဝက်ခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၄ စင်တီမီတာ (ကိုးလက်မခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိတ္ထီလာတွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ　၃၀

မိတ္ထီလာတွင် သမိုင်းဝင်ဖောင်တော်ဦး စေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့်အတူ နှစ်စဉ်ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စေတီတော်အနီး ဆုပေးမဏ္ဍပ်၌ ကျင်းပကြောင်း သိရသည်။**(ယာပုံ)**

လှေပြိုင်တွင် အကြီးတန်း ပထမ ဇာတိသွေး၊ အကြီးတန်း ဒုတိယ ငွေဇင်ယော်(က)၊အကြီးတန်း တတိယ ကံကြီးမောင်၊ အငယ်တန်း ပထမ ပျိုတိုင်းကြိုက်တဲ့ဖွဲ၊ အငယ်တန်း ဒုတိယ ရွှေလူးရင်သွေး၊ အငယ်တန်း တတိယ ပျော်ပျော်ကြီး အသင်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးဝင်းနှင့် ခရိုင်၊ မြို့ နယ်အဆင့်တာဝန်ရှိသူများနှင့်လှေပြိုင်ပွဲအား ပံ့ပိုးကူညီသည့် လူသုံး ကုန်ပစ္စည်းအရောင်းကုမ္ပဏီ တာဝန်ခံများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)** အဆိုပါ ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက် (တော်သလင်းလပြည့်) အထိ ကျင်းပပြီး ပြိုင်ပွဲဝင်လှေအသင်း အကြီးတန်း ငါးသင်း၊ အငယ်တန်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၇၉)

ပရိဘောဂပြပွဲ ပြည်သူများကြည့်ရှုအားပေး

ရန်ကုန်　စက်တင်ဘာ　၃၀

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် Yangon Lifestyle Furniture Fair 2012 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပလျက်ရှိသည်။

ပြပွဲဒုတိယမြောက်နေ့တွင် ကုမ္ပဏီ ၃၀ မှ ပြခန်း ၁၆၄ ခန်းကို ပြသပြီး ပြပွဲတွင် အရစ်ကျငွေပေးချေမှုစနစ်ဖြင့် Dunolopill မွေ့ရာ၊ Lorenzo ဆိုဖာ၊ Gold Coil မွေ့ရာ၊ Kettler ကျန်းမာရေးအားကစားပစ္စည်း၊ OSIM ကျန်းမာရေးအတွက် အထောက်အကူပြုအကြောဖြေစက်၊ eKo ရုံးသုံးပရိဘောဂပစ္စည်းများ၊ Tefal မီးဖိုချောင်သုံး ပစ္စည်းများကို ရောင်းချပေးလျက်ရှိရာ ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုဝယ်ယူကြကြောင်း သိရသည်။**(အောက်ပုံ)**　(ကြေးမုံ)



ဆေးရုံစီမံခန့်ခွဲမှုသင်တန်း တက်ရောက်နိုင်

ရန်ကုန်　စက်တင်ဘာ　၃၀

ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာ၌ ပိုမိုကောင်းမွန်သော ဆေးရုံစီမံခန့်ခွဲမှု အထောက်အကူပြုနိုင်ရန်အတွက် မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့၏ CME အစီအစဉ်ဖြင့် သင်တန်းကို အောက်တိုဘာ ၂၀ ရက်မှစ၍ လေးရက်၊ နိုဝင်ဘာ ၃ ရက်မှစ၍ လေးရက်ကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ပုဂ္ဂလိကဆေးရုံများမှ စီမံခန့်ခွဲရေးနှင့် ဆက်နွှယ်သည့် ဆရာဝန်များ တက်ရောက်နိုင်ပြီး အောက်တိုဘာ ၁၂ ရက် နောက်ဆုံးထား၍ ဒေါက်တာ တင်ညိုညိုလတ် ဖုန်း-၂၂၁၀၁၃ နှင့် ဒေါက်တာ တင်တင်စိန် ဖုန်း-၂၉၂၁၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။　(ကြေးမုံ)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ တွေ့ဆုံမှာကြား

မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက အရည်အချင်းပြည့်ဝအောင် သင်ကြားပေးရန်လို

ရန်ကုန် စက်တင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား စာကြည့်တိုက်နှင့် ဗဟိုသင်ထောက်ကူ စာသင်ဆောင် ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဝန်ထမ်းအင်အား၊ ပါရဂူဘွဲ့ရနှင့် ကျမ်းပြုဆဲ ဆရာ ဆရာမများဦးရေ၊ ပို့ချလျက်ရှိသော ဘာသာစကားများ၊ ပို့ချသည့် အချိန်ပိုင်း၊ အချိန်ပြည့်ဒီပလိုမာနှင့် ပုံမှန်ဘွဲ့ သင်တန်းများ၊ နိုင်ငံခြားကျောင်းသားများအတွက် သင်တန်းများ၊ လိုအပ်ချက်အရ ဖွင့်လှစ်ပေးသော ဘာသာစကား သင်တန်းများ၊ ကျောင်းသားဦးရေ၊ ဘွဲ့ရကျောင်းသားဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (CHRD) သင်တန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျောင်းသားဗဟိုပြုစနစ် (သင်ကြားနည်းစနစ်များ)၊ ပညာပေးဟောပြောပွဲများ၊ အားကစားဆောင်ရွက်မှုများ၊ အနုပညာအသင်းဆောင်ရွက်မှုများ၊ ဆုရရှိမှုများ၊ သုတေသနဆောင်ရွက်မှုများ၊ သင်ကြားရေးဆိုင်ရာသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ပို့ချမည့်ဘာသာရပ်များ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်လှပရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သည် မိမိတို့နိုင်ငံအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုသော ဌာနတစ်ခုဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေသော ဌာနတစ်ခုလည်းဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်၏ အဆင့်အတန်းမြင့်မားအောင်၊ အရည်အသွေးရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများ၏ စိတ်ဝင်စားမှု၊ စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှုများရှိရန် လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ ဆရာမများကလည်း အရည်အသွေးပြည့်ဝရန်လိုကြောင်း၊ သင်ကြားသည့်ကျောင်းသားကျောင်းသူများကလည်း အရည်အသွေးရှိပြီး စိတ်ဝင်စားစွာနှင့် ကြိုးစားအားထုတ်ကြရန်လိုကြောင်း၊ သင်ထောက်ကူပစ္စည်းများအနေဖြင့် ပြည့်စုံကောင်းမွန်ရန်လိုကြောင်း။

သို့မှသာ ဤတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော ဘွဲ့ရများသည် အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအချက်များနှင့်ပြည့်စုံရန်လိုကြောင်း၊ ကုလသမဂ္ဂသုံး အဓိကဘာသာစကား ခြောက်မျိုးဖြစ်သည့် အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ စပိန်၊ အာရေဗီ၊ တရုတ်ဘာသာစကားများကို တတ်ကျွမ်းရန်လိုသည့်အပြင် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဘာသာစကားများကိုလည်း တတ်ကျွမ်းရန်လိုကြောင်း၊ သင်ကြားခြင်းမရှိသေးသည့် ဘာသာစကားများ သင်ကြားနိုင်ရေး၊ သင်ထောက်ကူ ပစ္စည်းများဖြစ်သော Projector နှင့် Computer များ၊ လိုအပ်သော Language Lab အခန်းသုံးပစ္စည်းများ အမြန်ဖြည့်ဆည်းပေးနိုင်ရေး စီမံချက်များရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အရည်အသွေးပြည့်မီအောင် သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများကလည်း အရည်အသွေးပြည့်ဝရန်နှင့် မိမိအရည်အသွေး အစဉ်ထက်မြက်နေအောင် ကြိုးစားလေ့လာကြရန်လိုကြောင်း၊ Native Speaker များကို သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ဆက်သွယ်၍ ဖိတ်ခေါ်သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

ဆရာ ဆရာမများ၏ ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အရည်အသွေးပြည့်မီသူများကို ဦးစားပေးသင့်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရ၊ မဟာတန်း၊ ပါရဂူဘွဲ့ရများမွေးထုတ်ပေးရာတွင် အရည်အသွေးပြည့်ဝသူများ ဖြစ်လာစေရေးအတွက် ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် Language Laboratory (3) အခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး Language Laboratory(5) အခန်း၌ အင်္ဂလိပ်စာပထမနှစ်ကျောင်းသားကျောင်းသူများအား သင်ကြားတတ်ကျွမ်းမှုစွမ်းရည်ကို စစ်ဆေးမေးမြန်းသည်။

ဆက်လက်၍ e-Education Resource Centre ၌ ကျောင်းသားကျောင်းသူများ ထိုင်းဘာသာ သင်ကြား/သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်နှင့် စာအုပ်များထားသိုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် စုဝေးခန်းမ၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက အရည်အချင်းပြည့်ဝအောင် သင်ကြားပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အရည်အသွေးပြည့်ဝအောင် ကြိုးစားသွားကြရန်လိုကြောင်း၊ အခက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကြ

အမျိုးသားပြတိုက်(ရန်ကုန်)နှင့် ကမ္ဘောဇသာဒီနန်းတော် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၂၉ ရက် ညနေပိုင်းတွင် အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ပြခန်း ၁၄ ခန်းကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသားပြတိုက်သည် မိမိတို့၏ သမိုင်းစဉ်များ၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ခဲ့သည်များကို ဖော်ပြနေသည့်အပြင် တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှု၊ အနုပညာလက်ရာများကိုပါ တစ်နေရာတည်း၌ လေ့လာ ကြည့်ရှုသိမြင်နိုင်စေရန် ပြသထားသည်ကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော၊ နိုင်ငံတကာအဆင့်ပြသမှုနှင့် ရေရှည်ထိန်းသိမ်းနိုင်မှုရှိသော ပြတိုက်ဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း၊ ပြတိုက်ကျွမ်းကျင်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှု Workshop များပြုလုပ်၍ ဖော်ထုတ်သင့်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်မြေနန်းပြာသာဒ်နှင့် ဘမရာသနပလ္လင်ဆောင်များကို သွားရောက်ကြည့်ရှုကာ ကမ္ဘောဇသာဒီနန်းတော်ရာ တူးဖော်မှုမှရရှိသော ကျွန်းတိုင်များကို စနစ်တကျ စိတ်ဝင်စားဖွယ် ခင်းကျင်းပြသရန်၊ ဘုရင့်နောင်မင်းတရားကြီး၏ မျိုးနွယ်စဉ်ဆက်(Family Tree)ကို ပြည်တွင်း ပြည်ပ သမိုင်းအထောက်အထားများဖြင့် ရှင်းလင်းပြသရန်၊ ရာသီဥတုဒဏ်ကြောင့် နန်းဆောင်များ၊ အမွှန်းပန်းများ ရေရှည်ခံအောင်နှင့် ထိခိုက်မှုအနည်းဆုံးဖြင့် ဆောင်ရွက်သွားရန်၊ နန်းတော်ဝင်းသန့်ရှင်းသာယာရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစ

ရန်ကုန် စက်တင်ဘာ ၃၀

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ အဆို(၃)ခုအား မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၁၉)ခု မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျ... ဖြေကြားခြင်း၊ အဆိုတ... ဒေသကြီးအစိုးရအဖွဲ့၏... မှုကြမ်းအား ဆွေးနွေး... သာယာရေးဝန်ကြီးဌာန... ခွင့်များအား အတည်ပြ... ပြေးဆွဲရေးဥပဒေမှုကြမ်း... အစည်းအဝေးကို ညနေ...

ဒုတိယဝန်ကြီး ဦးခင်မောင်အေး ယူရီးယာ

နေပြည်တော် စက်တင်ဘာ ၃၀



မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် စက်တင်ဘာ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ နို့စားနွားများအတွက် စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် ယူရီးယားသကာတုံး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** နို့စားနွားကောင်ရေတိုးတက်စေရန်၊ မေထုန်မဲ့နည်း၊ သဘာဝနည်းများဖြင့် နည်းပညာအကူအညီရယူကာ သားတင်သားစပ်နိုင်ရေး၊ နို့ထွက်နှုန်းကောင်းမွန်ရန် ဖြည့်စွက်စာနှင့် ယူရီးယားသကာတုံး အသုံးပြုရေးတို့ကို မှာကြားခဲ့သည်။

ယူရီးယားသကာတုံးများကို မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်လုပ်လျက်ရှိပြီး နို့စားနွားမများကျန်းမာဝဖြိုး သားပေါက်နှုန်းကောင်းသည့်အပြင် နို့ထွက်နှုန်း ၂၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ထုတ်လုပ်ပေးနိုင်ကြောင်းနှင့် ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘုရင့်နောင်သို့ အာလူးဝင်ရောက်မှုများ၊ ဝယ်လိုအားနည်း

ရန်ကုန် စက်တင်ဘာ ၃၀

ဘုရင့်နောင်ဈေးကွက်သို့ စက်တင်ဘာ နောက်ဆုံးပတ်တွင် အာလူးဝင်ရောက်မှုများသော်လည်း ဝယ်လိုအား နည်းခြင်းကြောင့် စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ဝင်ရောက်လာသည့် အာလူးကားမှာ စက်တင်ဘာ ၂၅ ရက်တွင် ပွဲရုံများ၌ ချမပေးဘဲ ထပ်မံညအိပ်စောင့်ဆိုင်းနေရကြောင်း သိရသည်။

ဈေးကွက်အတွင်း အာလူးဝင်ရောက်မှုများပြီး ဝယ်လိုအားနည်းနေသည့် ယခုအချိန်တွင် ဝယ်ယူသူအပြိုင်အဆိုင်ခေါ်ယူခြင်း၊ အာလူးအရောင်းအဝယ်လောကတွင် အိတ်သွန်ပြခြင်းမရှိဘဲ အိတ်အပြင်ပန်းမှ ကြည့်ရှုသုံးသပ်ဝယ်ယူလေ့ရှိသော်လည်း ယခုအခါ အရောင်းထိုင်းသည့်အတွက် အိတ်သွန်၍ နမူနာပြသရောင်းချနေကြောင်း သိရသည်။

အာလူးရှားပါးချိန်တွင်မူ လိုအပ်သည့် ပမာဏသာဝယ်ယူရရှိခြင်း မရှိဘဲ ခွဲတမ်းစနစ်ဖြင့် ဝယ်ယူရရှိခြင်း၊ ဒိုင်ဖွင့်ဈေးထက် ဈေးနှုန်းပိုပေး၍ လိုသလောက်ဝယ်ယူမှု ကြုံတွေ့နေသော်လည်း ယခုအချိန်တွင်မူ ဝယ်ယူရန် လွယ်ကူလာကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်တွင် အောင်ပန်းအာလူးပေါက်ဈေးများ အလုံးအရွယ်အစားပေါ်မူတည်၍ ကျပ် ၂၅၀ မှ ၅၅၀ အတွင်းရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၂၅ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၅၂၀ မှ ကျပ် ၆၀၀ အတွင်း၊ ၂၀၁၁ စက်တင်ဘာ ၂၆ ရက်တွင် ကျပ် ၃၄၀ မှ ၄၇၀ အတွင်းသာရှိခဲ့ကြောင်း သိရသည်။

(နိုင်ဦး)

ကျောင်း
အောင်
ာမများ
ရန်နှင့်
မြှက်နေ
ခွဲရန်လို
များကို
ဆက်
ပို့ချပေး
င်း။
တိုးမြှင့်
ပြည့်မီ
ကြောင်း၊
ပါရဂူ
အရည်
စေရေး
နေဖြင့်
င်းဖြင့်
ာသည်
အခန်း

အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး Language Laboratory(5) အခန်း၌ အင်္ဂလိပ်စာပထမနှစ်ကျောင်းသား ကျောင်းသူများအား သင်ကြားတတ်ကျွမ်းမှုစွမ်းရည်ကို စစ်ဆေးမေးမြန်းသည်။

ဆက်လက်၍ e-Education Resource Centre ၌ ကျောင်းသား ကျောင်းသူများ ထိုင်းဘာသာ သင်ကြား/သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်နှင့် စာအုပ်များထားသိုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် စုဝေးခန်းမ၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက အရည်အချင်းပြည့်ဝအောင် သင်ကြားပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အရည်အသွေးပြည့်ဝအောင် ကြိုးစားသွားကြရန်လိုကြောင်း၊ အခက်အခဲများရှိနေသော်လည်း အခက်အခဲများကြားမှ ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေနှင့်လည်း တတ်နိုင်သမျှ ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း ကြိုးစားသွားကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် ဆောက်လုပ်ဆဲ လေးထပ်တိုးချဲ့စာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အင်္ဂလိပ်၊ ဂျပန်၊ မြန်မာ၊ ထိုင်းဘာသာသင် စာသင်ခန်းများ၊ ဌာနများ၊ Computer Training Centre နှင့် တရုတ်ဘာသာဌာနရှိ ဆရာ ဆရာမများအခန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံတို့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက် လာ ရာ တရုတ်သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာက ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

...တာစိုင်းမောက်ခမ်း နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ နှစ်ပတ်လည်အခမ်းအနား တက်ရောက်

ရန်ကုန် စက်တင်ဘာ ၃၀

သတင်းဆက်သွယ်မှု နည်းပညာ ဖွံ့ဖြိုးရေးကဏ္ဍသည် နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရန် အဓိကအခြေခံအဆောက်အအုံဖြစ်၍ ယခုအခါ သတင်းဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံ၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းဆက်သွယ်မှုနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေ ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတကြီးကလည်း လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများအနေဖြင့် ဤကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်းဖြင့် စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ နှစ်ပတ်လည်အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ နှစ်ပတ်လည် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဤအသင်းများကို စတင်ဖွဲ့စည်းစဉ်က အိုင်စီတီကဏ္ဍသည် အစပျိုးအဆင့်သာရှိခဲ့သော်လည်း အသင်းချုပ်နှင့် အသင်းများအားလုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များနှင့် ဝါသနာရှင်များ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်သည့် လိုင်းနှုန်းခွင်ပမာဏမှာ များစွာကြီးမားခဲ့ပြီး ဖိုင်ဘာအရန်ဆက်ကြောင်းများ၊ နယ်စပ်ဖြတ်ကျော်ဆက်ကြောင်းများကိုလည်း အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တာနက် နှေးကွေးပြတ်တောက်မှု မရှိစေရန် ဆောင်ရွက်ထားပြီးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိုဘိုင်းဖုန်းများကို အင်တာနက် အသုံးပြုနိုင်အောင်လည်း ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းဆက်သွယ်မှုနည်းပညာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့်လည်း ပြောကြားသည်။

ယင်းနောက် အိုင်တီဆိုင်ရာစာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...ကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပ

...တင်ဘာ ၃၀

...သကြီးလွှတ်တော် စတုတ္ထပုံမှန် ...က်တင်ဘာ ၂၇ ရက် နံနက် ...ကြီးအစိုးရအဖွဲ့ လွှတ်တော် ... အဆို(၃)ခုအား မှတ်တမ်း ...းဖြေကြားခြင်းတို့ ဆောင်ရွက်

...သကြီးလွှတ်တော် စတုတ္ထပုံမှန် ...တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ မေးခွန်း(၁၉)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခုအား အတည်ပြုခြင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေမူကြမ်းအား ဆွေးနွေးခြင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ မြို့နယ်များ၏ လုပ်ငန်းပြောင်းသုံးစွဲခွင့်များအား အတည်ပြုခြင်း၊ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေမူကြမ်းအား အတည်ပြုခြင်းတို့ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

...ဦးခင်မောင်အေး ယူရီးယားသကာတုံးထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

...်တင်ဘာ ၃၀

...းဝန်ကြီးဌာန ဒုတိယဝန်ကြီး ...်ဘာ ၂၈ ရက်တွင် မန္တလေး ...ဥသရေးဦးစီးဌာန၌ နို့စားနွား ...ပ်လျက်ရှိသည့် ယူရီးယား ...ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** ...ရန်၊ မေထုန်မှဲ့နည်း၊ သဘာဝ ...ညီရယူကာ သားတင်သားစပ် ...ရန် ဖြည့်စွက်စာနှင့် ယူရီးယား ...မှာကြားခဲ့သည်။

... မန္တလေးတိုင်းဒေသကြီး ...ဌာနက ထုတ်လုပ်လျက်ရှိပြီး ...သားပေါက်နှုန်းကောင်းသည့် ...းခန့် တိုးမြှင့်ထုတ်လုပ်ပေးနိုင် ...် အလွယ်တကူ ဝယ်ယူရရှိနိုင် (သတင်းစဉ်)

လျှပ်စစ်ဆိုင်ကယ်များ အခွန်ဈေးမြင့်၍ မှတ်ပုံတင်သူ နည်းပါး

မန္တလေး စက်တင်ဘာ ၃၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရဲသိပ္ပံကွင်းတွင် ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ လျှပ်စစ်ဆိုင်ကယ်များကို သတ်မှတ်အခွန်ပေးဆောင်၍ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိရာ သတ်မှတ် အခွန်အခများနေသဖြင့် ဆောင်ရွက်သူနည်းပါးသည်။ (၄၈) ဗို့ ဘက်ထရီဆိုင်ကယ်တစ်စီးကို ကာလတန်ဖိုး ကျပ် ၄၀၀၀၀၀ သတ်မှတ်ပြီး ကုန်သွယ်ခွန် ကျပ် ၂၀၀၀၀၊ အကောက်ခွန် ကျပ် ၂၁၀၀၀၊ ကညနယာဉ်စစ်မှတ်ပုံတင်ခကျပ် ၂၂၀၀၀၊ အာမခံကျပ် ၃၃၅၀၊ ဘဏ်ဝန်ဆောင်ခကျပ် ၅၀၀ စုစုပေါင်း ကျပ် ၆၆၈၅၀ ပေးရသည်။ ဘက်ထရီဆိုင်ကယ်များသည် အင်ဂျင်ဆိုင်ကယ်များကဲ့သို့ပင် လမ်းများပေါ်တွင် သွားလာလျက်ရှိရာ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ကညနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **မောင်စေတနာ(မန္တလေး)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၃)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရန်ကျဲချီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆိုက်ပရပ်စ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်စ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအီရာတို ကိုဇာကိုး မာကိုးလစ်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုလက်ဘန်ဂါ အာယိုဒဲဂျီ အာရှိရုထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပူတာအိုသို့ ဆန်အိတ်များတင်ပို့မှု ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၃၀

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ပူတာအိုဒေသရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ဆန်ဝယ်ယူစားသုံးမှုအဆင်ပြေစေရေးအတွက် ပြည်နယ်အစိုးရ အဖွဲ့အစီအစဉ်ဖြင့် ပေးပို့မည့် ဆန်အိတ် ၆၆၀ အား မြန်မာ့လေကြောင်း F-28 ဖော်ကာဂျက်လေယာဉ်ပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပူတာအိုဒေသသို့ ပြည်နယ်အစိုးရအဖွဲ့က စက်တင်ဘာ ၂၃ ရက်အထိ ဆန်အိတ် ၂၇၂၂ အိတ်ကို မြန်မာ့လေကြောင်းဖြင့် ပေးပို့ခဲ့ပြီး ယနေ့အထိ စုစုပေါင်း ဆန်အိတ် ၃၃၈၂ အိတ် ပေးပို့ခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆန်အိတ်များအား ပူတာအိုခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့မိမြို့ဖများနှင့် ပူးပေါင်းပြီး ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများနှင့် ဝန်ထမ်းများထံ ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၁၀-၂၀၁၂ (တနင်္လာနေ့)

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၈း၃၀ ၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အခြေခံပညာ(၁၅-၂၀)အဆင့်] (အမျိုးသမီး)
- ၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
- ၅း၃၀ "စွန့်လွှတ်စွန့်စားသူများ" (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-အောင်ကိုလတ်၊ အောင်ထွန်းထွန်းလွင်)
- ၅း၄၅ ၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [အခြေခံပညာ(၁၀-၁၅)အဆင့်] (အမျိုးသား)
- ၆း၀၀ ညနေခင်းသတင်း
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အနာဂတ်ချစ်သူ"(အပိုင်း-၁၅)
- ၈း၀၀ ပြည်တွင်းသတင်း -၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆွေးနွေးခန်း (အရေးဘာသာရပ်) -"ရယ်စရာတစ်ကွက်စာ" (Mr- Bean ကာတွန်းအစီအစဉ်) (အပိုင်း-၁၁) -ရုပ်မြင်သံကြားဇာတ်လမ်း "မြတ်သောကျေးဇူးဆပ်ဖူးပါစေ" (ရဲအောင်၊ မျိုးသန္တာထွန်း၊ အောင်ရဲလင်း၊ ဖွေးဖွေး) (ဒါရိုက်တာ-ကြည်ဖြူသျှင်)

မန်ယူနှင့် ဘာစီလိုနာ နိုင်ပွဲဆက်နိုင်ပြီး ချယ်လ်ဆီးနှင့် မန်စီးတီးနိုင်ပွဲရှာရမယ့် ချန်ပီယံလိဂ်ပွဲစဉ်များ

နိုင်လင်းကြည်

မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ယခုနှစ် ချန်ပီယံလိဂ်တွင် အုပ်စုချောင်း၏ ကံအကောင်းဆုံး အသင်းနှစ်သင်းဟု ဆိုရမည်ဖြစ်ပြီး ချန်ပီယံလိဂ်အတွေ့အကြုံနုသေးသည့် မန်စီးတီးအသင်းမှာမူ ချန်ပီယံအသင်းကြီးများဖြင့် တစ်အုပ်စုတည်းကျရောက်ခဲ့၍ ယခုနှစ် ချန်ပီယံလိဂ်ရလဒ်သည်လည်း မနှစ်ကရလဒ်အတိုင်းဖြစ်လာမည်လားဟုပင် မန်စီးတီးပရိသတ်များက ယူဆလာကြသည်။

သို့ရာတွင် မန်ယူနှင့်ဘာစီလိုနာတို့မှာ အုပ်စုချောင်း၏ ယခုအချိန်တွင် နိုင်ပွဲတစ်ပွဲစီရရှိထားပြီး ဖြစ်သည်။ မန်ယူသည် ယခုနှစ်ချန်ပီယံလိဂ်စချိန်တွင် ဒဏ်ရာရကစားသမားပြဿနာများက ဖာဂူဆန်ကို ဂယက်ရိုက်လာစေခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂါလာတာစာရေးအသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားရသော်လည်း တစ်လုံးတည်းသောဂိုးဖြင့်သာ အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ်(၆)တွင် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရသည့် ပွဲစဉ်တွင် စပါးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မန်ယူအသင်းသည် ရွန်းနီအပါအဝင်ကစားသမား အချို့ ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့၍ ဗန်ပါစီ၊ ကာဂါဝါ စသည့် ကစားသမားများက အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနေသော်လည်း ကစားသမားသစ်များဖြစ်သောကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိသေးသည်ကို တွေ့နေရသည်။

မန်ယူသည် လက်ရှိ ပရီမီယာလိဂ်ပွဲစဉ်(၆)အပြီး၌ အမှတ်ပေးဇယားတွင် လေးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် ၁၂ ဖြင့် ချယ်လ်ဆီး၊ အဲဗာတန်တို့၏နောက် တတိယနေရာတွင် ရပ်တည်နေပြီး ကာလင်းဖလားပြိုင်ပွဲအား အမည်ပြောင်းထားသည့် Capital One ဖလားပြိုင်ပွဲတွင်လည်း တင်ကျန်နေသောကြောင့် မန်ယူနည်းပြကြီး ဖာဂူဆန် ဘယ်ဖလားကို ပို၍အာရုံစိုက်ရမည်ကို ဆုံးဖြတ်ရခက်နေစဉ် အောက်တိုဘာ ၃ ရက်တွင် ကလူ့ချ်အသင်းနှင့် ချန်ပီယံလိဂ်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ယင်းပွဲစဉ်တွင် မန်ယူသည် ကလူ့ချ်အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး မန်ယူတို့နိုင်ပွဲဆက်ဖို့ အခြေအနေတွင် ရှိနေသည်။ သို့ရာတွင် အိမ်ရှင် ကလူ့ချ်အသင်းကိုလည်း လျှော့တွက်၍မရပေ။ ကလူ့ချ်အသင်းသည် ပြီးခဲ့သည့်ပွဲစဉ်က စပို့တင်းဘရာဂါအိမ်ကွင်းတွင် အိမ်ရှင်အသင်းကို နှစ်ဂိုးပြတ်သွင်းထားသည့် အသင်းဖြစ်၍ ခေသူမဟုတ်။ သို့သော် မန်ယူအသင်းအနေဖြင့် အိမ်ရှင်ထံမှ အနိုင်သုံးမှတ်ရဖို့ ကြိုးစားသွားလိမ့်မည်ဖြစ်သည်။

မန်ယူနှင့်အတူ အုပ်စုချောင်း၏ ရလဒ်ကောင်းနိုင်သည့် စပိန်အင်အားကြီးကလပ် ဘာစီလိုနာအသင်း၏ ယခုနှစ်လာလီဂါခြေစွမ်းက ကြောက်မက်ဖွယ်ကောင်းလှသည်။ ထို့ကြောင့် လက်ရှိချန်ပီယံရီးယဲလ်မက်ဒရစ်အသင်း၏ နည်းပြကြီး မော်ရင်ဟို မျက်ခုံးလှုပ်လောက်သည်။

ဘာစီလိုနာအသင်းသည် ဂွါဒီယိုလာထွက်ခွာသွားပြီးနောက် နည်းပြဗီလာနိုဗာကို ခန့်အပ်ခဲ့ရာ အသင်း၏ အားထားရသည့် ကစားသမားများဖြစ်သည့် မက်ဆီ၊ အင်နီယေစတာ၊ ဒေးဗစ်ဗီလာ စသည့်ကစားသမားများကို အကောင်းဆုံးပုံစံဖြစ်အောင် စီမံခန့်ခွဲနိုင်ခဲ့၍ ယခုနှစ်လာလီဂါပွဲစဉ်(၆)အပြီးတွင် ခြောက်ပွဲစလုံးအနိုင်ရရှိထားပြီး အမှတ်ပေးဇယားတွင် ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ် လာလီဂါဖလားကို ပြန်လည်ရယူရန်ကြိုးပမ်းရာ၌ အောင်မြင်မှုများရှိသကဲ့သို့ ချန်ပီယံလိဂ်အတွက်လည်း အလားအလာကောင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။ အုပ်စု(G)တွင် ဘင်ဖီကာ၊ စပါးတပ်မော်စကို၊ ဆဲလ်တစ်စသည့်အသင်းများနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့၍ အုပ်စုကို ကောင်းကောင်းကျော်ဖြတ်နိုင်မည့် အနေအထားတွင် ရှိနေသည်။

အောက်တိုဘာ ၃ ရက်တွင် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘင်ဖီကာအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သော်လည်း လက်ရှိလာလီဂါခြေစွမ်းအရဆိုလျှင် ဗီလာနိုဗာကိုင်တွယ်နေသည့် ဘာစီလိုနာအသင်းက အိမ်ရှင်ဘင်ဖီကာထံမှ အနိုင်သုံးမှတ်ကို ဘာစီလိုနာသို့ ဆောင်ကြဉ်းသွားနိုင်သည်။ ထို့ကြောင့် ထိပ်တန်းအဆင့်ရှိ အသင်းကြီးများနှင့် တစ်အုပ်စုတည်းမကျခဲ့သည့် မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့မှာ နိုင်ပွဲဆက်မည့် လက္ခဏာရှိနေသည်။

သို့ရာတွင် နိုင်ပွဲရှာရမည့်အသင်းများမှာ ပရီမီယာလိဂ်အသင်းနှစ်သင်းဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ဖြစ်ပြီး အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းကတော့ ချန်ပီယံလိဂ်အစဉ်အလာအရ အုပ်စုကျပ်သော်လည်း အုပ်စုကျော်ဖြတ်နိုင်သည့် ခြေစွမ်းနှင့်အတူ မောင့်ပယ်လီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည်။

ချယ်လ်ဆီးအသင်းမှာမူ ချန်ပီယံလိဂ်လက်ရှိချန်ပီယံဟု ဆိုသော်လည်း စီးရီးအေချန်ပီယံဂျူဗင်တပ်ကို တစ်ဖက်နှစ်ဂိုးစီဖြင့် သရေသာကစားနိုင်ခဲ့သည်။ ယင်းနှစ်ဂိုးမှာလည်း ချန်ပီယံလိဂ်အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများက သွင်းပေးခဲ့ခြင်းမဟုတ်ဘဲ ယခုနှစ်မှ ခေါ်ယူထားသည့် ဘရာဇီးသားလေး အော်စကာကပင် နှစ်ဂိုးလုံးသွင်းပေးခဲ့၍ အိမ်ကွင်းတွင် တစ်မှတ်ရရှိခဲ့သည်။ ထို့ကြောင့် ချန်ပီယံဆုကို ကာကွယ်ရန် နော့ဂျယ်လ်လန်နှင့်ပွဲစဉ်တွင် အနိုင်သုံးမှတ်ရအောင် ကြိုးစားရတော့မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ပရီမီယာလိဂ်ခြေစွမ်းအတိုင်း ချန်ပီယံလိဂ်တွင် အကောင်းဆုံးစွမ်းဆောင်နိုင်ပါက အသင်းပိုင်ရှင်အီဗာရာမိုဗစ်ချ်မျှော်လင့်ထားသည့် နှစ်နှစ်ဆက်ချန်ပီယံဖြစ်လာမှာ သေချာနေသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ချန်ပီယံလိဂ်၏ အလှည့်အပြောင်းကိုတော့ ယုံကြည်၍ မရနိုင်ပေ။

နော့ဂျယ်လ်လန်ကို အနိုင်ရရှိရန်မှာ အာဆင်နယ်နှင့် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်ကဲ့သို့ စပိန်တိုက်စစ်မှူးများနှင့် အော်စကာ၊ ဟားဇက် စသည့် တိုက်စစ်ပိုင်း၏ ဂိုးသွင်းသေချာမှုများပေါ်တွင် မူတည်နေသည်။ ချယ်လ်ဆီးအသင်းအတွက်တော့ နိုင်ပွဲရရှိရန် ရာနှုန်းပြည့်သေချာနေသည်။

သို့သော် အကျပ်အတည်းကြားက ခက်ခဲစွာရမှတ်ရှာရမှာက မန်စီးတီးအသင်းပင်ဖြစ်သည်။ မန်စီးတီးသည် ပရီမီယာလိဂ်တွင် ရှုံးပွဲမရှိစံချိန်တင်ထားနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ပွဲစဉ်တွင် ပေါ်တူဂီနည်းပြကြီး မော်ရင်ဟို၏ ရီးယဲလ်မက်ဒရစ်အသင်းကို တွန်းလှန်နိုင်ခဲ့ခြင်းမရှိဘဲ ချန်ပီယံလိဂ် အတွေ့အကြုံအနည်းအများအရ ချန်ပီယံလိဂ် ကိုးကြိမ်ချန်ပီယံဖြစ်ထားသည့် ရီးယဲလ်မက်ဒရစ်၏အိမ်ကွင်းမှ မန်စီးတီးတို့ အမှတ်ဗလာဖြင့် အိမ်ပြန်ခဲ့ရသည်။

ထို့အပြင် အီတလီနည်းပြကြီး မန်စီနီအတွက် စိတ်ပျက်စရာတစ်ခုက Capital One ဖလားပြိုင်ပွဲတွင် အက်စတွန်ဗီလာအသင်းကို ရှုံးနိမ့်ခဲ့၍ ယင်းရှုံး/ထွက်ဖလားပြိုင်ပွဲမှ ထွက်လိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်နေသည့် ဖလားပြိုင်ပွဲများတွင် အကောင်းဆုံးခြေစွမ်းရရှိနိုင်မည်လား၊ အောက်တိုဘာ ၄ ရက်တွင် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်တစ်ခုဖြစ်သည့် ဒေါ့မွန်အသင်းနှင့်ပွဲစဉ်တွင် အခက်အခဲကြားမှ ရမှတ်ရှာဖွေနိုင်မည်လားဆိုသည်တို့မှာ စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်။

ချန်ပီယံလိဂ်ပွဲစဉ်(၂)

(၂-၁၀-၂၀၁၂)(အင်္ဂါ)		
စပါးတပ်မော်စကို	Vs	ဆဲလ်တစ်
(၃-၁၀-၂၀၁၂) (ဗုဒ္ဓဟူး)		
နော့ဂျယ်လ်လန်	Vs	ချယ်လ်ဆီး
ဂျူဗင်တပ်	Vs	ရှက်တာဒိုးနက်စ်ခ်
ဘိတ်ဘိုရီဆော့ဗ်	Vs	ဘိုင်ယန်မြူးနစ်
ဗလင်စီယာ	Vs	လိုင်လီ
ဘင်ဖီကာ	Vs	ဘာစီလိုနာ
ကလူ့ချ်	Vs	မန်ယူ
ဂါလာတာစာရေး	Vs	စပို့တင်းဘရာဂါ
ဇင်းနစ်	Vs	အေစီမီလန်
(၄-၁၀-၂၀၁၂) (ကြာသပတေး)		
ဒိုင်နမိုကိဗ်	Vs	ဒိုင်နမိုဇာဂရက်
ပေါ်တို	Vs	ပီအက်စ်ဂျီ
အာဆင်နယ်	Vs	အိုလံပီယာကို့စ်
ရှော်ကေး	Vs	မောင့်ပယ်လီယာ
အန်ဒါလက်ချ်	Vs	မာလာဂါ
အိုင်းယက်စ်	Vs	ရီးယဲလ်မက်ဒရစ်
မန်စီးတီး	Vs	ဒေါ့မွန်

သမီးဖြစ်သူ ခိုးရာလိုက်ပြေးရာမှ လူသတ်မှုဖြစ်ပွား

ရေတာရှည်　　စက်တင်ဘာ　　၃၀

သမီးဖြစ်သူ ခိုးရာနောက် လိုက်ပြေးသွားခဲ့ပြီး အိမ်သို့ပြန်ခေါ်ထားစဉ် ဒုတိယအကြိမ် ထပ်မံခိုးယူရန် ကြိုးပမ်းခဲ့သူများအား ဖခင်ဖြစ်သူက ဓားနှင့်ခုတ်သတ်ခဲ့သောအမှုအား စက်တင်ဘာ ၂၇ ရက်တွင် တောင်ငူခရိုင် ဒုခရိုင်(၂) ရုံးသို့ တရားစွဲဆိုတင်ပို့လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းရဲစခန်းအပိုင် သစ်တောကြိုးဝိုင်းနယ်မြေ သာဂရကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း(၁၀)မိုင် သစ်တောကျေးရွာ၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ယင်းကျေးရွာနေ ဦးကျော်ဝင်းသည် ၎င်း၏ သမီးဖြစ်သူ မခင်သီတာခိုင်အား လူငယ်သဘာဝ ခိုးယူပေါင်းသင်းရန် လာရောက်ခိုးယူသူများအား ဓားနှင့်လိုက်ခုတ်ရာမှ နိုင်ကြီး (၃၀)နှစ် လှည်းပွဲလေးကျေးရွာနေသူမှာ သိုင်းချောင်းအထက် တောင်ကြောပေါ်၌ ဓားဒဏ်ရာများရရှိကာ သေဆုံးနေကြောင်း သတင်းအရ အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ငွေအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးရာ ပြစ်မှုကျူးလွန်သူ ဦးကျော်ဝင်းအား သက်သေခံ ဓားနှင့်အတူ ဖမ်းဆီးခဲ့သည်။ ဦးကျော်ဝင်း၏နေအိမ်တွင် လွန်ခဲ့သည့် သုံးနှစ်ခန့်ကတည်းက လာရောက်နေထိုင်သူ ဆန်းလှိုင် (၃၄)နှစ် (လက်ရှိအိမ်ထောင်ရှိသူ)သည် အခင်းမဖြစ်မီ ကိုးရက်ခန့်က ၎င်းနေထိုင်သည့် လှည်းပွဲလေးကျေးရွာကို ပြန်သွားခဲ့ပြီးနောက် ဝါးဖောင်မျှောရင်း (၁၀)မိုင် သစ်တောကျေးရွာသို့ ပြန်လည်ရောက်ရှိလာကာ မချော(ခ)မခင်သီတာခိုင်အား ခိုးယူသွားခဲ့ကြောင်း၊ ထို့နောက် မိခင်ဖြစ်သူမှာ သမီးဖြစ်သူကို လှည်းပွဲလေးကျေးရွာသို့ သွားရောက်ရှာဖွေကာ ပြန်လည်ခေါ်ဆောင်လာခဲ့ပြီး ငါးရက်အကြာတွင် မိဘများအားကန်တော့၍ ပြန်လည်ခေါ်ယူရန် ဆန်းလှိုင်နှင့် ၎င်း၏မိဘများကို ပြောပြခဲ့သည်ဟု သိရသည်။ နောက်နေ့မှာပင် ဆန်းလှိုင်သည် တစ်ရပ်တည်းနေ ညီဖြစ်သူ နိုင်ကြီး၊ ကုလားတို့နှင့်အတူ သိုင်းချောင်းအနောက်ဘက် ကတက်မြောင်လျှိုဘက်မှ မချော(ခ)မခင်သီတာခိုင်အား အချက်ပေးလှမ်းခေါ်စဉ် သိုင်းချောင်းအတွင်း ကိုယ်လက်ဆေးကြောနေသော ဖခင်ဖြစ်သူ ဦးကျော်ဝင်းက တွေ့ရှိသွားခဲ့ပြီး ဒေါသထွက်၍ဓားကိုင်ကာ နောက်မှတောလမ်းအတိုင်း လိုက်ခဲ့ရာတောင်ကြောပေါ်အရောက် နိုင်ကြီးနှင့်တွေ့ဆုံခဲ့ပြီး နှစ်ဦးသား လုံးထွေးသတ်ပုတ်ကာ ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် အမြန်လမ်းရဲစခန်းမှ (ပ)၁၁/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက်က ပြစ်မှုကျူးလွန်သူ ဦးကျော်ဝင်းအား တောင်ငူခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ဒုတိယခရိုင်တရားသူကြီး(၂)ရုံးမှ လက်ခံကြားနာစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၅၇၈)

ပဲခူးတွင် ကားဖြင့် ဆိုင်ကယ်တိုက်၍ နှစ်ဦးသေဆုံး

ပဲခူး　　စက်တင်ဘာ　　၃၀

စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီခန့်တွင် စက်ရုံလုပ်သားများ တင်ဆောင်လာသော ဘီအမ်မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားနှင့် အမျိုးသမီးသေဆုံးသွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ပဲခူးမြို့အမှတ်(၁)ရဲစခန်းအပိုင်နယ်မြေတွင် ပဲခူးမြို့မြန်စတားစက်ရုံ လုပ်သားများတင်ဆောင်ပြီး မြန်စတားစက်ရုံဝင်းနေ ယာဉ်မောင်း ကိုမြင့်သန်း မောင်းနှင်လာသော ဘီအမ်မော်တော်ယာဉ်နှင့် ငြိမ်းလင်းအောင်(၂၇)နှစ် မောင်းနှင်လာပြီး နောက်ထိုင်ခုံ ပေါ်တွင် ဒေါ်စန်းဝင်း(၅၃)နှစ် သနပ်ပင်မြို့နယ်နေသူတို့ စီးနင်းလာသော ၂၆ယ/---ဆိုင်ကယ်တို့ သနပ်ပင်-ပဲခူးလမ်း ရွှေအပ်ထုတ်ဘုရားရှေ့တွင် တိုက်မိခဲ့ရာ ငြိမ်းလင်းအောင်နှင့် ဒေါ်စန်းဝင်းတို့သည် ကားဘီးအောက်တွင် တရွတ်တိုက်ပါသွားကာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး လမ်းဘေးဆိုင်ရှေ့တွင်ရပ်တန့်ထားသော ပခ/. . . J.L.M.110 ဆိုင်ကယ်ကို ရှေ့ဘီးဖြင့် တက်ကြိတ်မိကာ ရပ်တန့်သွားကြောင်း သိရ၏။ ထိုဖြစ်စဉ်ကို ပဲခူး အမှတ်(၁)ရဲစခန်းမှ (ပ) ၅၀၈/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်လှစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းမြင့်သန်းအား ဖမ်းဆီးတရားစွဲတင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဇော်ရှင်း-ဥဿာ)

အောင်မင်္ဂလာအဝေးပြေးကားဝင်း၌ ခါးပိုက်နှိုက်ဖမ်းမိ

ရန်ကုန်　　စက်တင်ဘာ　　၃၀

စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ရဲအုပ်မျိုးအောင်မြင့်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ခါးပိုက်နှိုက်ကျဆင်းရေးတာဝန် ဆောင်ရွက်နေစဉ် အောင်မင်္ဂလာအဝေးပြေးကားဝင်းမှ လှိုင်သာယာအဝေးပြေးကားဝင်းသို့ မောင်းနှင်လာသော အမှတ်(၄၃) ဒိုင်နာယာဉ်ပေါ်မှ ဆင်းလာသည့် လှိုင်သာယာမြို့နယ်နေ ဇော်ထက် (ခ) စိုးမင်းဦး (၃၅)နှစ်နှင့် ရဲလှ (၅၀)နှစ်တို့အား သုမ္ဘာလမ်း(၂) ဈေးကွေ့၌ ရှာဖွေရာ ဇော်ထက်၏ခါးကြားမှ ကျပ်ငွေ ၈၀၀ ပါ ခေါက်ပိုက်ဆံအိတ်တစ်လုံးနှင့် ရဲလှ၏လက်အတွင်းမှ ကျောပိုးအိတ်တစ်လုံးတို့ တွေ့ရှိရပြီး အမှတ်(၄၃) ဒိုင်နာယာဉ်ပေါ်တွင် လိုက်ပါလာသည့် အသက် (၂၅) နှစ်ခန့်ရှိ ခရီးသည် အမျိုးသားတစ်ဦးထံမှ နှိုက်ယူလာကြောင်း သက်သေများရှေ့တွင် ဝန်ခံပေးအပ်သဖြင့် မြောက်ဥက္ကလာပမြို့နယ်ရဲစခန်းက (ပ)၉၉၇/ ၂၀၁၂ ပုဒ်မ ၃၇၉(နှိုက်)/၅၄ အရ အမှုဖွင့်အရေးယူထားသည်။ (ခင်ညို)

သစ်ကိုင်းတက်ခုတ်ရာမှ ဓာတ်လိုက်သေဆုံး

ရန်ကုန်　　စက်တင်ဘာ　　၃၀

စက်တင်ဘာ ၂၆ ရက်နံနက် ၉ နာရီခန့်တွင် အမှတ် (၃)လမ်းမကြီး သက်န်းကျွန်းကြီးကျေးရွာထိပ်၌ လူတစ်ဦးဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ မင်္ဂလာဒုံရဲစခန်းမှ ရဲအုပ်မျိုးတင့်ခိုင် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စုနေ ဦးတင်မြိုင်(၅၂)နှစ်ဖြစ်ပြီး ၎င်းသည် သက်န်းကျွန်းကျေးရွာရှိ လူမနေသော ဦးသန်းနွယ်၏နေအိမ်ခြံဝင်းအတွင်း မလေးရှားပိတောက်ပင်ပေါ်တက်၍ သစ်ကိုင်းခုတ်ရာမှ အမြင့်ပေ ၃၀ ခန့်ရှိ သစ်ပင်ပေါ်တွင် ဓာတ်လိုက်၍သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

သေဆုံးသူအား အင်းစိန်ဆေးရုံသို့ ပို့အပ်ရာ (PR-05/12)ဖြင့် လက်ခံထားရှိပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် မင်္ဂလာဒုံရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃၄/၁၂ ဖြင့် စက်တင်ဘာ ၂၆ ရက်တွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (၃၁)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

the CROWN fashion
Design Training Centre
Designer May Thet Lwin



- Basic
- Intermediate
- Advance
- Handmade

Holiday

ကားရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)

HONDA FIT 2007

၆ယ/၇. . . .WHITE

NAVI:-DVD/CD

ဖုန်း-၀၉-၇၃၂၂၈၅၆၈၊

၀၉-၅၀၅၅၅၉၂

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၅ ရပ်ကွက်၊ Palm Village အိမ်ရာရှိ (၂)ခန်းတွဲ (၄)ထပ်တိုက် (Shop House)၊ တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၁)၊ တတိယထပ်၊ ဧရိယာ(၁၁၃၅) စတုရန်းပေရှိ တိုက်ခန်းအား အမည်ပေါက်ပိုင်ရှင် ဦးအောင်မြင်ဗိုလ်[၁၂/ရကန(နိုင်)၀၆၇၄၄၀]၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဇနီး ဒေါ်ကြူကြူမောင်[၁၂/ရကန(နိုင်)၀၃၇၈၃၁]ထံမှ ကျွန်မမှ ဝယ်ယူမည်ဖြစ်ပါ၍ တိုက်ခန်းတန်ဖိုး၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် သက်ဆိုင်ပတ်သက်သူရှိပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါ သည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီတင့်

အမှတ်(၁၂)၊ ကန်ရိပ်သာလမ်း၊ ၁၀ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၃၀၄၄၂၉၃

စာအုပ်စာပေ လူ့မိတ်ဆွေ

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

စိတ်ချေါအပ်ပါသည်။

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာ လက်မှတ်များ



မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၅၀၄)၊ အမြောက်တပ်ရင်းနေ
အရာခံဗိုလ်လှသိန်း(ငြိမ်း)-ဒေါ်တင်ကြိုင်တို့၏သားကြီး

ဗိုလ်ကြီးသိန်းထိုက်အောင်
B.Sc(D.S.A), M.Sc(Chemistry)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊
စိတ္တသုခလမ်း၊ အမှတ်(၁၀၀)နေ
ဦးသာထွန်းဇံ(တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
အုပ်ချုပ်ရေးမှူးရုံး)-ဒေါ်ခင်လှိုင်(လယ်/ပြ-အမက-၁၂၊ တာမွေ)တို့၏သမီး

မလွင်မာအေး (LL.B, H.G.P)
**(မင်္ဂလာတောင်ညွန့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊
ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့)**

တို့သည် ၃၀-၉-၂၀၁၂ ရက်တွင် နှစ်ဖက်သောမိဘများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသိန်းထိုက်အောင်-မလွင်မာအေး

The Messenger

KING STAR ဖုန်း - ၃၉၁၀၀၃
ကွန်ပျူတာအတတ်သင် 20000Ks
Internet (5000Ks)
Internet Advance
Office 2010
D.T.P
Graphic Design
A+ Hardware
Web Design

အစမဒေါ်စုနောက် လိုက်ကြစို့

ဒေါ်အောင်ဆန်းစုကြည်နှင့်
မြန်မာ့နိုင်ငံရေးအခင်းအကျင်း
City Mart, Ocean, Taw Win စသည်တို့တွင် ရရှိနိုင်ပါသည်။

ဆရာမိုး Follow Me Ph.D (USA)
Universal Institute of ESL (USA)မှ Certificate ရရှိနိုင်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လနှင့်
ENGLISH for BUSINESS Level (1) ၄၊လ
Level(1,2,3)ကိုပြီးလျှင် Dip ESL(USA) / Dip EBS(USA)
SPEAKING၊ WRITING
Ph.D
09431253393
01 295798, 398118

Ph: 01-387127, 375537
ထွက်ပြီ
City Mart

အခွင့်အလမ်း ဂျာနယ်
Opportunity Journal
ဘယ်မှာမှ မဖော်ပြရသေးသော
နိုင်ငံခြားကုမ္ပဏီကြီးများ၏
ဝန်ထမ်းခေါ်ကြော်ငြာများပါဝင်သည်။
www.opportunity.com.mm

RUBY
09-51-77212, 535100

BDI Car Rental

သွေးသည်အသက်

Skywalk Shopping Mall
ဆိုင်ခန်းပိုင်ရှင်များကိုအသိပေးအကြောင်းကြားခြင်း။

Sky Walk Shopping Mall ပြန်လည်ဖြစ်မြောက်ရေး နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နောက်ဆုံးအဆင့် ဆွေးနွေးခြင်း ၊ အတည်ပြုခြင်း လိုအပ်သော ငွေပမာဏများ ပေးသွင်းခြင်းကို အောက်တိုဘာ (၂) ရက်နေ့ မွန်းလွဲ (၂)နာရီတွင် ဟိုတယ်မန္တလေးတွင်လည်းကောင်း၊ အောက်တိုဘာ (၄) ရက်နေ့ မွန်းလွဲ (၂) နာရီတွင် နဝဒေးဟိုတယ်တွင်လည်းကောင်း ပြုလုပ်မည် ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။ အောက်တိုဘာလ (၅)ရက်နေ့ တိုင်အောင် လာရောက်မဆောက်သွယ်သော (သို့မဟုတ်) ငွေပေးသွင်းခြင်းမပြုသော ဆိုင်ခန်းများကို အများအကျိုးအတွက် မန်နေဂျာများ Holding Enterprise နှင့် ဈေးသူဈေးသား အများစု၏ သဘောတူဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။



ဆက်သွယ်ရန် - မသိဂီဝင်း(Project Manager) 09 - 2011064 , မငြိမ်းငြိမ်းလှိုင်(Executive) 09 - 91024961

မွေးနေ့ဆုတောင်းလွှာ (၁-၁၀-၂၀၁၂)

Star Space Media & Advertising

Star Space Media & Advertising

Happy Birthday သိင်္ဂါရှင်းသန့်

ဖေဖေ၊ မေမေတို့ရဲ့ အချစ်ဆုံးသမီးလေး **သိင်္ဂါရှင်းသန့်**ရဲ့ ၁-၁၀-၂၀၁၂ရက်တွင် ကျရောက်သော မွေးနေ့မှသည်နောင်နှစ်ပေါင်း (၁၂၀)တိုင် ဖေဖေ၊ မေမေတို့ရဲ့ချစ်ခြင်းမေတ္တာရိပ်အောက်မှာ ပျော်ရွှင်ငြိမ်းချမ်းစွာဖြတ်သန်းရင်း ထူးချွန်ထက်မြက်သော အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်ထိန်းသိမ်းနိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘွားဘွား - ဒေါ်ထွန်းမေ၊ ဒေါ်စန်းခင်

ချစ်ဖေဖေ - ဦးညွန့်ဝေ (M.V NOTHERN PRESICION -UNITEAM MARINE LTD.)

ချစ်မေမေ - ဒေါ်သင်းသင်းအေး(ခ)မီးမီး (B.Com-DMA)-သိင်္ဂါရွှေစင်ရတနာရွှေဆိုင်နှင့် နှစ်ဖက်သော ဆွေမျိုးမောင်နှမများ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သားလေး **မောင်ဟိန်းလင်္ကျာ်ထွန်း**(ခ)Harry ၏ ၁-၁၀-၂၀၁၂ရက်တွင် ကျရောက်သော(၂)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်ဘဝတစ်လျှောက်လုံး ကျန်းမာပျော်ရွှင် ထူးချွန်ထက်မြက် လိမ္မာသိတတ်ပြီး အမျိုးဘာသာ၊ သာသနာနှင့်တိုင်းပြည် အကျိုးသယ်ပိုးရွက်ဆောင်နိုင်တဲ့ သားကောင်းရတနာလေး ဖြစ်ပါစေ-

ဘွားဘွားကြီး - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ဒေါ်ကျင်

ဘိုးဘိုး-ဘွားဘွား - ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)-ဒေါ်တင်တင်လှ

ဖေဖေ-မေမေ - ဗိုလ်ကြီးဟိန်းထက်ဇော်-ဒေါ်သင်းသီရိထွန်း

ဦးကြီး-တီတီ - ဗိုလ်ကြီးဝေယံမင်းထွန်း-ဒေါ်မေလှဲ့ဟိန်း

ဦးငယ်-တီတီ - ဦးဝေဟင်မင်းထွန်း-ဒေါက်တာခိုင်စံပယ်မင်း

မဂ္ဂဇင်း

News Journal ENVOY

Democratic Culture

Asia Society

လိပ်ခေါင်းဓာတ်ခွဲခန်းနှင့်ဓာတ်မှန်ဌာန (တစ်နေရာလုံး)

ဓမ္မာဝင်မင်္ဂလာ

O.T.S (၂၉)ကျောင်းဆင်း(၄၈)နှစ်မြောက် အလှူမင်္ဂလာဖိတ်ကြားခြင်း ဗိုလ်သင်တန်းအမှတ်စဉ်-၂၉

(၄၈)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ၁၄-၁၀-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်သံဃမဟာနာယကဆွမ်းစားဆောင်၌ ပဒေသာပင်စိုက်ထူပွဲနှင့် ကွယ်လွန်ပြီးဖြစ်သော ကျောင်းဆင်းအရာရှိ(၆၈)ဦးအတွက် ရည်စူး၍ ဆွမ်းကပ်လှူပွဲကျင်းပမည်။ တရားနာရေစက်ချ အခမ်းအနားသို့ ကျောင်းဆင်းအရာရှိများနှင့် မိသားစုအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။ ၁၇-၁၀-၂၀၁၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရွှေဂုံတိုင် Excel Treasure Tower(၁၀)ထပ်၊ ပတ္တမြားခန်းမ၌ ညနေ ၆ နာရီတွင် အရာရှိများမိတ်ဆုံစားပွဲကို ယခင်နှစ်အတိုင်း ကျင်းပမည်ဖြစ်၍ တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားပါသည်။ အသေးစိတ်ကို ဦးအောင်သိန်း ဖုန်း-၅၆၃၅၃၀၊ ၀၉-၄၃၀၈၆၀၀၀၊ ဦးစောငွေ ဖုန်း-၀၉၅၀၀၀၄၂၄၊ ဦးမြင့်မော် ဖုန်း-၅၅၆၀၉၈၊ ဦးမောင်မောင် ဖုန်း-၅၆၁၅၆၂၊ ၀၉-၅၀၀၆၅၆၁၊ သူရဦးအောင်ကြည် ဖုန်း-၀၉-၇၃၀၉၀၄၂၄၊ သူရဆွေဝင်း ဖုန်း-၅၀၀၂၇၅တို့ထံ ဆက်သွယ်နိုင်ပါသည်။

(သီးခြားဖိတ်စာမပို့တော့ပါ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ(ကောင်းရီချီ)-ဒေါ်ရှုယဉ်တို့၏

သားထွေး

AUSTIN, TEXAS, U.S.A နေ

JOHN KAUNG @ စိုးဝင်း

နှင့်

ရန်ကုန်မြို့၊ ဗိုလ်ရွှေလမ်းနေ

ဦးကျော်သိန်း-ဒေါ်လေးကြူတို့၏

တစ်ဦးတည်းသောသမီး

အေးမိုးသိန်း

တို့သည် WESTERN PARK ROYAL ၌ ၃၀-၉-၂၀၁၂ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

JOHN KAUNG @ စိုးဝင်း-အေးမိုးသိန်း

Ph: 541501, 551197, 400781, 09 73095285

Good Health

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အလုံနှင့် လှော်ကားဓာတ်အားပေးစက်ရုံများ၏ Frame-6 ဓာတ်ငွေ့တာဘိုင်စက်များနှင့် V.63 ABB ရေနွေးငွေ့တာဘိုင်စက်များကို အကြီးစားပြင်ဆင် မွမ်းမံခြင်းလုပ်ငန်းအား ၂၀၁၃ ခုနှစ် နွေရာသီအမီ လုပ်ငန်းအပြီး ဆောင်ရွက်ရန် Tumkey Service Agreement ဖြင့် တင်ဒါခေါ်ဆို လုပ်ငန်းအပ်နှံလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၂-၁၀-၂၀၁၂

တင်ဒါပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၂

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊

ပစ္စည်းစီမံရေးဌာန

ရုံးအမှတ်(၂၇)၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

SHINE Construction Co.,Ltd.

(Member of Shine Group of Companies)

Tel: 01-385340 ~ 4, Ext:325,235

Super Market

Ph:562174,09-5129497

01-203159

01-9000293

09-5160048

Safer FLUZA Tab.

"ဖလူဇာ" ၌ ဆိုးကျိုးများသော "PPA" Phenylpropanolamine မပါဝင်သောကြောင့်

PPA

အအေးမိ၊ တုပ်ကွေး၊ ဖျားနာ အထိရောက်ဆုံးနဲ့ အမြန်ဆုံး သက်သာပျောက်ကင်းစေမှာ "ဖလူဇာ"

380164
09 5017088
09 8626524

H.A.L Travels

Sincerity

Travels & Tours Co.,Ltd

Hot Line

News Watch Journal (4-9-2012)

Basic Grammar (2 Color)
Essays & Letters (3 Color)

20000
30% Discount
45000
09-420051117, 09-5132883

Gandamar Whole Sale မှာ ....
Nice Fare Travel ဖြစ်သည်။ IATA
Ph :01 - 657320 , 09-73046088

GOLDEN STAR

UNIQUE STAR Travels
Promotion

B.com, CPA, D.A(LCCI), ACCA
LCCI Level 1&2

www.goldtop21.com Tel : 09 7303 5512
No.55-2B,

Ph : 09 4500 29517, 0951 41467, 01 389628, 01 246806

Organic

09-73105201

SUCCESS LANGUAGE ACADEMY
Y.W.C.A.

Basic English Speaking	Vocab Enrichment	IELTS Four Skills
Four Skills English (Basic)	Basic Grammar	IELTS Speaking
Pre-Intermediate	Intermediate Grammar	IELTS Reading
Intermediate	Basic Writing	IELTS Writing
	Intermediate Writing	IELTS Exam Practice

Martin English

SML Advanced Medical Laboratory
Assistant Manager M.B.B.S
Laboratory Medical Service
Laboratory Technician B.Med.Tech
M.B.B.S
Hot Line

Ph: 0951 72096, 0950 47516, 01-375070

ကျေးဇူးဆပ်

ကျွန်တော် မောင်ထူးအောင်ထက် ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် PASSPORT A-287606 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။) **Ph:43051252**

လေလံကြော်ငြာ

၁။ တပ်မတော်(ရေ)တွင် အသုံးမပြုတော့သည့် စက်မဲ့ ကုန်တင်ရေယာဉ် စီဘီ (၂၇၁)နှင့် (၂၇၆)တို့အား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က)	ပစ္စည်းတည်ရှိရာနေရာ	-	စီဘီ (၂၇၁)၊ စီဘီ(၂၇၆)၊ ဧရာဝတီရေတပ်စခန်း၌ာနချုပ်၊ အမှတ်-၃၆၊ စစ်ရေယာဉ်စုသန်လျက်စွန်း၊ ဗိုလ်တထောင်၊ ရန်ကုန်တိုင်းဒေသကြီး။
(ခ)	လေလံတင်ရောင်းချမည့် ရက်/အချိန်	-	၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ၉း၀၀ နာရီ
(ဂ)	လေလံတင်ရောင်းချမည့်နေရာ	-	ဟောပြောခန်းမ၊ ရေတပ်ပင်မ ပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဃ)	လေလံလျှောက်လွှာရောင်းချမည့်နေရာ	-	ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အထက်ပါရေယာဉ်များအား စိတ်ဝင်စားသူများသည် ၂-၁၀-၂၀၁၂ ရက်မှစ၍ ၁၀-၁၀-၂၀၁၂ ရက်အထိ ရုံးချိန်အတွင်း ရေတပ်ပင်မ ပစ္စည်းထိန်းတပ်နှင့် တယ်လီဖုန်းအမှတ် ၀၃၁-၃၁၈၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။





မနိုင်

နေကာရှာဒီနှင့် အိမ်ခြံမြေ
အကျိုးဆောင်

ယုဇနပလာဇာရှေ့၊ လမ်း ၁၄၀၊
အမှတ်(၁၅)၊ ဖုန်း-၀၉၅၀၄၂၁၈၁

ကျေးဇူးဆပ်ပါမည်

ကျွန်မ စကားဝါကျော်ထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ်-၄၅၈၈၀၂ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၇၃၁၃၅၂၅၀**



အမည်ပြောင်း ဂန့်ဂေါမြို့နယ် မြင်သားကျေးရွာ အုပ်စုကုန်းရွာနေ ဦးကျော်မြ၏သမီး [၈/ဂဂန(နိုင်)၀၇၉၁၁၇]ကိုင်ဆောင်သူ မတင်တင်ထွေးအား မဇင်မာထွေး ဟု ပြောင်းလဲခေါ်ပါရန်။ **မဇင်မာထွေး**

ကိုယ်တိုင်လာရောက်စေရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ ၃)
လမ်းမတော်မြို့နယ် တရားမရုံးတော်
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ဒေါ်မီမီအောင်	နှင့်	ဦးဇော်မင်း
တရားလို		**တရားပြိုင်**

ဦးဇော်မင်း၊ အမှတ် (၅၄/၅၆)၊ ၅၃-လမ်း၊ အမှတ်(၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

ဒေါ်မီမီအောင်က သင့်အပေါ်တွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ (၉) အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်နေခဲ့လျှင် သင့်ကွယ်ရာတွင် ၎င်းအမှုကို စစ်ဆေးစီရင်ဆုံးဖြတ်လိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ခုခံထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်အောင်
မြို့နယ်တရားသူကြီး
လမ်းမတော်မြို့နယ်တရားရုံး

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ မော်ချီးခဲမဖြူ-အဖြိုက်နက်နှင့် ရောရာသတ္တုရိုင်းများရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။	ပစ္စည်းအမျိုးအမည်နှင့်တန်ချိန်	-	TIN, TUNGSTEN,SCHEELITE, MIXED CONCENTRATES MAWCHI MIXED ORE (238.773)Mts
၂။	DELIVERY	-	AT YANGON SITE
၃။	PRICING	-	PRICING TO BE QUOTED IN EURO ONLY
၄။	PAYMENT	-	(T.T) NOT LATER THAN(30)DAYS,AFTER ACCEPTANCE OF THE OFFER
၅။	တင်ဒါပိတ်ရက်နှင့်အချိန်	-	၁၇-၁၀-၂၀၁၂ ရက်၊ ၁၂း၀၀နာရီ
၆။	တင်ဒါပေးသွင်းရမည့်နေရာ	-	မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်၊ အမှတ်(၂၂)၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်၊ ဖုန်းနံပါတ်-၀၁-၆၅၆၅၈၀၊(လိုင်းခွဲ-၂၀၀)၊ ဖက်စ်-၀၁-၆၅၆၅၇၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်တက္ကသိုလ်
သတ္တဗေဒလူမှုရေးအသင်းပြင်ဆင်ဖွဲ့စည်းခြင်း

ရန်ကုန်တက္ကသိုလ် (ပင်မ၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ လုပ်သားကောလိပ်) သတ္တဗေဒကျောင်းသား၊ သူဟောင်းများ၏ "လူမှုရေးကူညီထောက်ပံ့မှုအသင်း"ကို ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၇-၁၀-၂၀၁၂(တနင်္ဂနွေနေ့)
အချိန်	-	မွန်းလွဲ ၁ နာရီ
နေရာ	-	ရွှေမန်းကျောင်းမင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းပိုင် ကညနသို့ အပ်နှံရမည့် သက်တမ်းလွန် ယာဉ်အိုယာဉ်ဟောင်း(၂)စီးနှင့် သက်တမ်းလွန် ယာဉ်အိုယာဉ်ဟောင်း အပ်နှံပြီး ပုံစံ(ဃ)(စလစ်)(၃)စောင်တို့ကို ဈေးပြိုင်အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

